

# ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့ အောင်မြင်ရေးနီတိများ

Napoleon Hill ၏
Succeed and Grow Rich Through Persuasion စာအုပ်မှ
Power Plus Motivation: Epigrams အခန်းကို

မောင်မြင့်ကြွယ် နှင့်
မောင်မောင်အေး (MMA)
ပြန်ဆိုသည်



# အောင်မြင်ထူးချွန်သူတို့ လျှောက်ခဲ့သည့်လမ်း

သူတို့လျှောက်ခဲ့သည့်လမ်းသည် ပန်းခင်းသောလမ်း မဟုတ်ပါ။ ရည်မှန်းချက် မြင့်မားသောကြောင့်လည်း အတားအဆီး အခက်အခဲများ ကြီးမားထူပြောပါသည်။ သူများနှင့်မတူသော ဇွဲလုံ့လ၊ စိတ်အားထက်သန်မှု၊ အပြုစိတ်ထား (ဝါ) အကောင်းမြင်မှု၊ စိတ်ကောင်း စေတနာကောင်းတို့ကြောင့်သာ အောင်မြင်ထူးချွန်ခဲ့ကြ ပါသည်။

အတုယူလိုက်နာပြုကျင့်ဖွယ် သူတို့၏ ဆောင်ပုဒ် နီတိ ၅၀၀ ကျော်ကို အင်္ဂလိပ် - မြန်မာနှစ်ဘာသာ ယှဉ်တွဲ လေ့လာနိုင်ရန် စုစည်းပြုစုထားပါသည်။

# ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့ အောင်မြင်ရေးနိဒါနမျာ

**Napoleon Hill ၏ Succeed and Grow Rich Through Persuasion စာအုပ်မှ Power Plus Motivation: Epigrams အခန်းကို**

မောင်မြင့်ကြွယ် နှင့်
မောင်မောင်အေး (MMA)
မြန်မာပြန်သည်

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
* အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး- ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၄၀၁၀၇၇၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – ၄၀၁၀၄၄၀၉၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၀၉၊ စက်တင်ဘာ |
| ထုတ်ဝေသူ | – ဦးအောင်သန်းစိုး(မြဲ–၀၃၇၅၁) ရွှေပြည်စံစာပေ၊ အမှတ်–၃၂၉၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | – အောင်နိုင်ဦး |
| အတွင်းဖလင် | – အောင်သိန်းစိုး |
| အတွင်းစာသားအပြင်အဆင် | – ဦးသန်းထွေး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | – လှိုင်ရောင်စုံပုံနှိပ်တိုက်၊၂၇၃၊၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – |
| ဖြန့်ချိရေး | – ဦးသန်းဆွေ (Unity စာပေ) ၃၆၊ဟသံတလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း–၀၉၅၁၃၀၉၇၇ |

၁၃၁.၃

မြင့်ကြွယ်၊မောင်/မောင်မောင်အေး(MMA)

ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့အောင်မြင်ရေးနိတိများ/

မောင်မြင့်ကြွယ်၊ မောင်မောင်အေး (MMA) ။ – ရန်ကုန် ၊

ရွှေပြည်စံစာပေ ၊ ၂၀၀၉ ။

၁၇၆ – စာ ၊ ၁၂ x ၁၈ စင်တီ ။

မူရင်းအမည် – Succeed And Grow Rich Through Persuasion

(၁) မောင်မြင့်ကြွယ်၊မောင်မောင်အေး(MMA) – ဘာသာပြန်သူ

(၂) ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့အောင်မြင်ရေးနိတိများ

# နိဒါန်း

ဤစာအုပ်သည် ဘဝတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်ငါးရာကျော်တို့ လက်တွေ့လိုက်နာကျင့်သုံးခဲ့ကြသည့် နီတိ (သို့မဟုတ်) စာတိုပေစ ၊ ဆောင်ပုဒ်ကလေးများကို စုစည်းဖော်ပြထားခြင်း ဖြစ်ပါသည်။ "နီတိ" ဆိုသည်မှာ ပါဠိသက်ဝေါဟာရ ဖြစ်ပြီး "ကြီးပွားတိုးတက်ခြင်းသို့ ပို့ဆောင်သော လမ်းညွှန်" ဟူ၍ အဓိပ္ပာယ်ရပါသည်။ လက်တွေ့စမ်းသပ်ပြီးဖြစ်သော နီတိ (သို့မဟုတ်) စာတိုပေစ၊ ဆောင်ပုဒ်များဖြစ်သောကြောင့် လိုက်နာကျင့်ကြံကြမည် ဆိုပါက အကျိုးရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဤစာအုပ်ကို အကျိုးရှိအောင်အသုံးပြုမည်ဆိုပါက ပထမဦးစွာ အစမှ အဆုံးအထိ တစ်ခေါက်မှ နှစ်ခေါက်အထိ တောက်လျှောက် ဖတ်ကြည့်လိုက်ပါ။ ထို့နောက် မိမိနှစ်သက်သော စာပိုဒ်များကို ရွေးထုတ်လိုက်ပါ။ ထို စာပိုဒ်များကို အထပ်ထပ်အခါခါ ထပ်မံဖတ်ရှုပါ။ ပြီးမှ မိမိအနှစ်ခြိုက်ဆုံးစာပိုဒ် သုံး၊ လေးပိုဒ် ၊ သို့မဟုတ် မိမိ လိုက်နာဆောင်ရွက်လိုသည့် အရေအတွက်အထိ ရွေးထုတ်လိုက်ပါ။

ထို့နောက် အဆိုပါစာပိုဒ်များကို သင်အမြဲတစေ မြင်တွေ့နေရသည့်နေရာ (ဥပမာ၊ စာရေးစားပွဲရှေ့) ၌ ရေးကပ်ထားလိုက်ပြီးနောက် အဖန်ဖန်တလဲလဲ ဖတ်ရှုနေခြင်းဖြင့် မိမိ၏ကိုယ်ပိုင် အတွေးအခေါ်များ ဖြစ်လာသည်အထိ မွေးစားလိုက်ပါ။

ထိုအတွေးအခေါ်များကို လက်တွေ့လိုက်နာကျင့်သုံးရန် ကြိုးစားပါ။ ညစဉ်ညတိုင်း ထိုအတွေးအခေါ်များအနက် အရေးအတွက် မည်မျှကို မိမိလိုက်နာကျင့်သုံးဖြစ်ခဲ့ပါသနည်းဟု ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်ထားပါ။

ဤအလေ့အကျင့်ကို နေ့စဉ်မှန်မှန် ပြုစုပျိုးထောင်သွားမည်ဆိုပါက မိမိ၏ ရည်မှန်းချက်အတိုင်း ဖြစ်မြောက်လာပါလိမ့်မည်။ မိမိ၏ကြိုးစားမှုအပေါ်တွင် မူတည်၍ အနေးနှင့်အမြန် အောင်မြင်မှုရရှိလာပါလိမ့်မည်။

ဤလောက၌ မဖြစ်နိုင်သည့်အရာဟူ၍ မရှိပါ၊ မဖြစ်သေးသည့် အရာသာရှိပါသည်။ အစစအရာရာသည် စိတ်ဆန္ဒပြင်းပြမှုအပေါ်၌ မူတည်ပါ၏။ ဤအဆို မှန် မမှန် လက်တွေ့စမ်းသပ်ကြစေလိုပါသည်။

# ဆန္ဒပြုပါသည်

မြန်မာမူနယ်ပယ်၌ ၃၈ ဖြာ မင်္ဂလာကဲ့သို့သော ဗုဒ္ဓ၏ အဆုံးအမများအပြင် ခေတ်ဟောင်း၊ ခေတ်သစ် ပညာရှိများ၏ ဆောင်ရန်ရှောင်ရန် သွန်သင်ချက်များ ကြွယ်ဝသလောက် လိုက်နာနိုင်လျှင် လိုက်နာနိုင်သလောက် အကျိုးလည်း ထူးပါသည်။

သိပ္ပံပညာထွန်းကားရာ အနောက်နိုင်ငံများတွင်လည်း အောင်မြင်ထူးချွန်သူများ၏ ပွဲတွေ့အောင်မြင်ရေးနီတိများ အလွန်များပါသည်။ ဤစာအုပ်တွင် Napoleon Hill ၏ Succeed and Grow Rich Through Persuasion စာအုပ်မှ Power Plus Motivation: Epigrams အခန်းကို ဘာသာပြန်ထားပါသည်။ ထူးချွန်အောင်မြင်သူ ၅၀၀ ကျော်တို့၏ ဘဝအတွေ့အကြုံကို အခြေပြုသည့် လူတိုင်းအတွက် ရှေ့ဆောင်လမ်းပြ၊ အကြံပြုချက် လမ်းညွှန် ဆောင်ပုဒ်များ ဖြစ်ပါသည်။ အင်္ဂလိပ်-မြန်မာ-နှစ်ဘာသာ ယှဉ်တွဲဖော်ပြပါသည်။

စာအုပ်ပါနီတိ ၅၀၀ ကျော်မှ မိမိနှစ်သက်ရာတို့ကို ရွေးစားကာ လက်တွေ့လိုက်နာခြင်းဖြင့် ဘဝတွင်အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြပါစေ။

မောင်မောင်အေး (MMA)-
The New Light of Myanmar

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်။

# ACCURATE THINKING

1. How can you judge others accurately if you have not learned to judge yourself accurately?

2. Did you cheat the other fellow, or yourself? Be thoughtful before you answer.

3. The person who thinks before he acts seldom has to apologize for his acts.

4. The fellow who thinks the whole world is wrong might be surprised at what the world thinks of him.

5. Many men who think they have arrived are surprised to learn that they have been traveling in reverse gear.

6. You may as well not listen if you don't think.

# တိကျသောတွေးခေါ်မှု

၁။ အကယ်၍ သင်သည် မိမိကိုယ်ကို မှန်ကန်စွာအကဲဖြတ်နိုင်အောင် လေ့လာသင်ယူထားခြင်း မရှိပါက အခြားပုဂ္ဂိုလ်များအား မည်ကဲ့သို့ မှန်ကန်စွာ အကဲဖြတ်နိုင်ပါမည်နည်း။

၂။ သင်က အခြားပုဂ္ဂိုလ် တစ်ဦးဦးကို သို့မဟုတ် မိမိကိုယ်ကို လိမ်ညာနေပါသလား။ သင် အဖြေမပေးမီ လေးလေးနက်နက် စဉ်းစားပါ။

၃။ လုပ်ရှားမှု တစ်ခုခုကို မပြုလုပ်မီ ကြိုတင်စဉ်းစား ချင့်ချိန်ပြီးမှဆောင်ရွက်လေ့ရှိသူသည် ၎င်း၏ ပြုမူဆောင်ရွက်ချက်များ အတွက် ဝန်ချတောင်းပန်ရလေ့ မရှိချေ။

၄။ တစ်ကမ္ဘာလုံးကို အမြင်စောင်းနေသူ တစ်ယောက်သည် တစ်ကမ္ဘာလုံးက ၎င်းအား မည်သို့မည်ပုံ သဘောထားသည်ကို သိလိုက်ရပါက တအံ့တသြ ဖြစ်သွားပေလိမ့်မည်။

၅။ လူအများစုသည် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ပြီဟု ထင်နေတတ်ကြ၏။ သို့ရာတွင် ၎င်းတို့သည် ရှေ့သို့ သွားနေခြင်း မဟုတ်ဘဲ နောက်သို့ရွေ့လျားနေကြခြင်းဖြစ်ကြောင်း တအံ့တသြ သိသွားတတ်ကြ၏။

၆။ အကယ်၍ သင်သည် စဉ်းစားတွေးခေါ်လေ့ မရှိပါက (အခြားပုဂ္ဂိုလ်များ၏ ပြောဆိုချက်များကို) နားထောင်နေရန်လည်း မလိုအပ်ချေ။

# ACTION

7. Watch the man ahead of you and you'll learn why he is ahead. Then emulate him.

8. If you wish a job done promptly and well, get a busy man to do it. The idle man knows too many substitutes and short cuts.

9. The man who doesn't reach decisions promptly when he has all necessary facts in hand cannot be depended on to carry out decisions after he makes them.

10. The man who only does enough work to "get by" seldom gets much more than "by."

11. Good intentions are useless until they are expressed in appropriate action.

# တက်တက်ကြွကြွလှုပ်ရှားမှု

၇။ သင့်ရှေ့မှ ပုဂ္ဂိုလ်ကို စောင့်ကြည့်နေမည်ဆိုပါက အဘယ်ကြောင့် ထိုသူသည် ရှေ့သို့ရောက်နေကြောင်း သင်သိလာပါလိမ့်မည်။ ထို့နောက် သူ့ကို အတုယူပါ။ **

၈။ အကယ်၍ သင်က လုပ်ငန်းတစ်ခုကို ကောင်းမွန်စွာနှင့် မဆိုင်းမတွ ပြီးစီးလိုသည်ဆိုပါက အလွန်အလုပ်များသူတစ်ဦးကို ဆောင်ရွက်ခိုင်းပါ။ မတက်ကြွသူတစ်ယောက်သည် အစားထိုးမှုများနှင့် ဖြတ်လမ်းနည်းများ စွာကိုသာ သိသူဖြစ်သည်။

၉။ မိမိထံတွင် ဆုံးဖြတ်နိုင်ရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံစွာရှိနေသည့်တိုင်အောင် မဆိုင်းမတွဘဲ မဆုံးဖြတ်တတ်သူတစ်ဦးသည် ထိုဆုံးဖြတ်ချက်များအား ၎င်းချမှတ်ပြီးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည်ဟု အားမကိုးလောက်ချေ။

၁၀။ အလုပ်ဖြစ်နေရုံလောက်သာ ဆောင်ရွက်နေလေ့ရှိသူတစ်ဦး သည် အလုပ်ဖြစ်ရုံထက် ပိုမိုသော အလုပ်ပမာဏကို စွမ်းဆောင်နိုင်မည်မဟုတ်ချေ။

၁၁။ ကောင်းမွန်သော အာသီသများကို ဆီလျော်သင့်မြတ်သော လုပ်ဆောင်ချက်များနှင့် ပေါင်းစပ်ခြင်းမပြုသရွေ့ အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။

## BELIEVING

12. You can do it if you believe you can.

13. If you don't believe it yourself, don't ask anyone else to do so.

14. Might throws itself on the side of those who believe in right.

## CAUTIOUSNESS

15. Over-caution is as bad as no caution. It makes other people suspicious.

16. Look carefully to see if the pasture on the other side of the fence appears greener, for there may be plenty of thistles mixed with the grass.

17. When a man says: "They say so and so," ask him to name who "they" are and watch him squirm with embarrassment.

# ယုံကြည်မှု

၁၂။ အကယ်၍ သင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါက သင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

၁၃။ သင် မယုံကြည်သည့်အရာကို အခြားပုဂ္ဂိုလ်များကိုလည်း သင်ကဲ့သို့ မယုံကြည်ကြရန် မပြောကြားပါနှင့်။

၁၄။ စွမ်းအားသည် အမှန်ကိုယုံကြည်သူတို့ဘက်မှ ရပ်၏။

# သတိကြီးစွာထားမှု

၁၅။ လိုအပ်သည်ထက် ပို၍ သတိထားမှုသည် သတိမထားမှုကဲ့သို့ပင် ဆိုးရွား၏။ ထိုအချက်က အခြားပုဂ္ဂိုလ်များကို သံသယပွားစေ၏။

၁၆။ ခြံစည်းရိုး၏ အခြားတစ်ဖက်မှ မြက်ခင်းသည် ပို၍စိမ်းနေသည်ဟု ထင်နေပါက စေ့စေ့စပ်စပ် လေ့လာကြည့်ရှုပါ။ အဘယ်ကြောင့်ဆိုသော် ထိုမြက်ပင်များအကြား၌ (ပေါင်းပင်တစ်မျိုးဖြစ်သော) ဆူးပင်အမြောက်အမြား ပေါက်နေနိုင်သောကြောင့် ဖြစ်သည်။

၁၇။ "သူတို့ကတော့ အဲဒီလို၊ အဲဒီလို ပြောနေကြတာပဲ" ဟု လူတစ်ယောက်က ပြောလာပါလျှင် သူတို့ဆိုသည်မှာ မည်သူမည်ဝါများဖြစ်ကြောင်း ပြန်မေးကြည့်ပါ။ ထိုသူ ကသိကအောင့်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံကို စောင့်ကြည့်နေလိုက်ပါ။

18. When a stranger appears too eager to do something for you, take care that he doesn't do something to you.

## CHALLENGE

19. Render more service and better service than is expected of you if you wish to attract quick and permanent promotion.

20. Every time you perform a task, try to excel your last performance, and very soon you will excel those around you.

21. Henry Ford is reported to have offered twenty-five thousand dollars to anyone who would show him how to save a single bolt and nut on each automobile he made.

22. Show me how to save a thin dime on any operation in the plant and I'll show you how to get quick and adequate promotion.

၁၈။ လူစိမ်းတစ်ယောက်က သင့်အတွက် ကိစ္စတစ်ခုခုကို အလွန် စိတ်အားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးလိုသည့် ပုံစံပေါက် နေပါက ထိုပုဂ္ဂိုလ်က သင့်အား ဒုက္ခပေးသွားနိုင်သည်ကို သတိထား ပါ။ **

## စိန်ခေါ်မှု

၁၉။ အကယ်၍ "အမြဲတမ်းရာထူး"သို့ အမြန်တိုးမြှင့်ပေးစေလိုပါက သင့်ထံမှ သူမျှော်လင့်ထားသည်ထက် အလုပ်ပမာဏ ပိုများပြီး ပိုမို ကောင်းမွန်အောင် လုပ်ပြပါ။ **

၂၀။ လုပ်ငန်းတစ်ခုကို သင် ဆောင်ရွက်သည့်အခါတိုင်း သင်နောက် ဆုံးဆောင်ရွက်ခဲ့သော လုပ်ငန်းထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်း နေမည်ဆိုပါက မျိုးမကြာမီ သင်သည် ပတ်ဝန်းကျင်၌ ရှိနေသူများ ထက် ပိုမို၍ထူးချွန် လာပါလိမ့်မည်။ ***

၂၁။ ဟင်နရီဖို့ဒ်က ၎င်းထုတ်လုပ်သော မော်တော်ကားတိုင်း၌ မူလီ တစ်ချောင်းနှင့် မူလီခေါင်းတစ်ခု လျှော့နည်းတပ်ဆင်နိုင်သော နည်းကို ပြသပေးနိုင်သူအား ဒေါ်လာ ၂၅,၀၀၀ ချီးမြှင့်မည်ဟု ပြောဖူးကြောင်း အဆိုရှိသည်။

၂၂။ စက်ရုံတစ်ခုမှ မည်သည့် လုပ်ငန်းအဆင့်တွင်မဆို ဆယ်ပြား သက်သာသွားအောင် ဆောင်ရွက်ပြနိုင်သူအား ကျွန်ုပ်က လျင်မြန်ပြီး ကျေနပ်ဖွယ်ကောင်းသော ရာထူးတိုးတက်နည်းကို ပြသပေးပါမည်။

23. Where will you be and what will you be ten years from now if you keep on the way you are going?

24. Never tear down anything unless you are prepared to build something better in its place.

25. In the hour of defeat many men have discovered their true greatness by accepting defeat only as a challenge to try again.

## CHIEF AIM OR GOAL

26. What do you want from life and what have you to give in return that entitles you to it?

27. The successful man keeps his mind fixed on what he wants in life-not what he doesn't want.

28. Never mind what you have done in the past. What are you going to do in the future?

၂၃။ အကယ်၍ သင်သည် လက်ရှိပုံစံအတိုင်း ဆောင်ရွက်နေမည်ဆိုပါက နောက်ဆယ်နှစ်အကြာတွင် မည်သည့်နေရာ၌ မည်သည့်အဆင့်တွင် ရှိနေမည်နည်း။

၂၄။ အဆောက်အအုံတစ်ခု၏ နေရာတွင် ပိုမိုကောင်းမွန်သည့် (အဆောက်အအုံ) တစ်ခုခုကို ဆောက်လုပ်ရန် အဆင်သင့် မဖြစ်သေးဘဲ မည်သည့်အခါတွင်မှ ဖျက်မချပါလေနှင့်။

၂၅။ ရှုံးနိမ့်သွားချိန်တွင် အဆိုပါရှုံးနိမ့်သွားမှုကို နောက်ထပ် ကြိုးစားရန် စိန်ခေါ်မှုတစ်ရပ်အဖြစ် လက်ခံလိုက်ခြင်းဖြင့် လူအများအပြားသည် မိမိတို့၏ စစ်မှန်သော ကြီးမြတ်မှုကို ရှာဖွေတွေ့ရှိလေ့ ရှိကြသည်။

## အဓိက ရည်ရွယ်ချက် သို့မဟုတ် ပန်းတိုင်

၂၆။ ဘဝ၌ သင်ဘာဖြစ်ချင်ပါသနည်း။ ထိုကဲ့သို့ ဖြစ်ထိုက်အောင် ပြန်လည်ပေးဆပ်ရန် သင့်ထံ၌မည်သည့်အရာ ရှိနေပါသနည်း။

၂၇။ အောင်မြင်သော ပုဂ္ဂိုလ်များသည် ဘဝ၌ သူတို့လိုချင်သည့် ကိစ္စကိုသာ အာရုံစိုက်လေ့ရှိသည်။ မလိုချင်သည့် အရာများ၌ အာရုံစိုက်လေ့မရှိချေ။ **

၂၈။ အတိတ်က သင်ဆောင်ရွက်ခဲ့သမျှကို မေ့ထားလိုက်ပါ။ အနာဂတ်တွင် သင် မည်သည့်ကိစ္စကို ဆောင်ရွက်မည်နည်း။

29. The only permanent thing in the entire universe is that which a man sets up in his own mind.

30. If you don't know what you want from life, what do you think you will get?

31. Be sure about what you want from life and doubly sure of what you have to give in return.

32. Examine most carefully the things you desire most.

33. Wisdom consists in knowing what not to want as well as what to want.

34. Keep so busy going after what you want that you have no time to fear what you don't want.

35. Don't be afraid to aim high when choosing your life's goal, for no matter how high you aim, your achievements may fall below it.

၂၉။ ဤစကြဝဠာကြီး တစ်ခုလုံး၌ ထာဝရတည်မြဲနေသည့် ကိစ္စသည် လူတစ်ယောက်က ၎င်း၏စိတ်ထဲ၌ ချမှတ်သော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

၃၀။ အကယ်၍ ဘဝမှ မည်သည့်အရာများအား ရယူလိုသည်ကို သင်မသိပါက သင့်ဘဝမှ မည်သည့်အရာများကို ရရှိလာလိမ့်မည်ဟု သင်ထင်မြင် ယူဆပါသနည်း။

၃၁။ ဘဝမှ မည်သည့်အရာအား သင်လိုချင်သည်ဆိုသော အချက်ကို သေချာစွာသိပါစေ။ ထို့အပြင် သင်ကပြန်ပေးရမည့် ကိစ္စကိုလည်း နှစ်ထပ်ကွမ်း သေချာပါစေ။ **

၃၂။ သင်အလိုချင်ဆုံး အရာများကို စေ့စပ်သေချာစွာ ဆင်ခြင်သုံးသပ်ပါ။

၃၃။ အသိဉာဏ်ပညာတွင် လိုသည့်အရာများအပြင် မလိုအပ်သည့် ကိစ္စများကိုလည်း သိရသည်။

၃၄။ သင်လိုချင်သည့် အရာနောက်သို့ လိုက်နေခြင်းဖြင့် အလုပ်များပါက သင်မလိုချင်သည့်ကိစ္စအတွက် ကြောက်လန့်နေရန် အချိန်ရှိတော့မည် မဟုတ်ပါ။

၃၅။ သင့်ဘဝ၏ ပန်းတိုင်ကို ရွေးချယ်ရာ၌ မြင့်မားစွာရည်မှန်းချက်ထားရှိဖို့ မကြောက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် သင်က မည်မျှအထိ မြင့်မြင့်မားမား မျှော်မှန်းထားသည်ဖြစ်ပါစေ၊ သင်၏ဆောင်ရွက်နိုင်စွမ်းရှိမှုသည် ထိုနေရာထက် နိမ့်ကျနေနိုင်ပေသည်။ *

36., If you don't know what you want, don't say you never had a chance.

## COOPERATION

37. Unless you are an army officer, you can get better results by requests than you can by orders.

38. No man is capable of giving orders unless he knows how to take orders and carry them out.

39. Willing cooperation produces enduring power, while forced cooperation ends in failure.

40. Try telling your foreman about the things you like and see how willingly he will help you get rid of the things you don't like.

41. Friendly cooperation will get a man more than unfriendly agitation in any market.

၃၆။ အကယ်၍ သင်လိုချင်သည့်အရာကို သင်မသိပါက အခွင့်အရေးတစ်ခုကိုပင် မရခဲ့ပါဟု မည်သည့်အခါတွင်မှ မပြောပါလေနှင့်။

## ပူးပေါင်းဆောင်ရွက်မှု

၃၇။ တပ်အရာရှိတစ်ဦး အနေအထား မဟုတ်ပါက အမိန့်ပေးခြင်းထက် မေတ္တာရပ်ခံခြင်းက ပိုကောင်းသည့်အဖြေကို ရနိုင်ပါသည်။

၃၈။ လူတစ်ယောက်သည် (မိမိအားပေးလာသော) အမိန့်များကို မည်ကဲ့သို့ နာခံရမည်၊ မည်ကဲ့သို့လိုက်နာဆောင်ရွက်ရသည်ကို မသိသေးသရွေ့ ၎င်းက အမိန့်များကို ပေးနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပါချေ။

၃၉။ လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုက ခိုင်မြဲသောအင်အားကို ဖြစ်ပေါ်လာစေ၏။ အတင်းအကျပ် ပူးပေါင်းဆောင်ရွက်စေမှုသည် မအောင်မြင်မှုနှင့် အဆုံးသတ်တတ်၏။ *

၄၀။ သင်လိုချင်ဖြစ်ချင်သည့် ပုံစံကိုသင်၏ အလုပ်ကြပ်အားပြောကြည့်ပါ၊ နောက် သင်မလိုချင်သည်တို့ကိုပါ လိုလိုချင်ချင် ရှင်းပေးမလား စောင့်ကြည့်ပါ။

၄၁။ မည်သည့် လုပ်ငန်းတွင်မဆို ခင်ခင်မင်မင်ဖြင့် ပူးပေါင်းဆောင်ရွက်မှုက မောက်မောက်မာမာဖြင့် ဆက်ဆံမှုထက် လူတစ်ယောက်ကို ပိုမို၍အကျိုးရှိစေ၏။

42. No man can succeed and remain successful without the friendly cooperation of others.

43. Cooperation must start at the head of a department if it is expected at the other end. Ditto for efficiency.

44. Most men will respond more to a request than they will to an order.

45. A man who can't take orders graciously has no business giving them.

46. Remember that no one can hurt your feelings without your cooperation and willingness.

## COURAGE

47. If you don't know, have the courage to admit it and you will be well on the road toward learning.

48. Courage is often one jump ahead of fear.

၄၂။ အခြားပုဂ္ဂိုလ်များ၏ ခင်ခင်မင်မင် ပူးပေါင်းဆောင်ရွက်မှုကို မရရှိဘဲ မည်သူမျှ အောင်မြင်နိုင်မည် မဟုတ်သလို၊ ဆက်လက်၍ အောင်မြင်နေလိမ့်မည်လည်း မဟုတ်ပေ။ **

၄၃။ ပူးပေါင်းဆောင်ရွက်မှုကို အောက်လက်ငယ်သားများထံမှ ရရှိလိုသည်ဆိုပါက ဌာနတစ်ခု၏ ခေါင်းဆောင်ထံမှ စတင်ရပေလိမ့်မည်။ လုပ်ငန်းကျွမ်းကျင်မှုတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

၄၄။ လူအများစုသည် အမိန့်ပေးမှုထက် မေတ္တာရပ်ခံမှုကို ပို၍ လိုလိုလားလား တုံ့ပြန်ကြပေလိမ့်မည်။

၄၅။ အမိန့်များကို ယဉ်ကျေးစွာဖြင့် လက်ခံနိုင်လေ့ မရှိသူသည် အမိန့်ပေးထိုက်သူလည်း မဟုတ်ချေ။

၄၆။ သင်၏ပူးပေါင်းမှုနှင့် အလိုတူမှု မပါဝင်ဘဲ မည်သူကမျှ သင်၏ စိတ်ခံစားချက်များကို နာကျင်အောင် ပြုလုပ်နိုင်မည်မဟုတ်ကြောင်း သတိရပါလေ။

## သတ္တိရှိမှု

၄၇။ အကယ်၍ သင်မသိပါက မသိကြောင်း ဝန်ခံရန် သတ္တိရှိပါ။ ဤတွင် သင်သည် လေ့လာသင်ယူမှု လမ်းကြောင်းပေါ်သို့ ကောင်းမွန်စွာ ရောက်ရှိသွားပါလိမ့်မည်။

၄၈။ သတ္တိသည် မကြာခဏဆိုသလို ကြောက်လန့်မှု၏ ရှေ့ဘက် တစ်ခုန်စာ အကွာအဝေး၌ ရှိနေလေ့ရှိသည်။

49. The man who complains he never had a chance probably hasn't the courage to take a chance.

## CRITICISM

50. One way to avoid criticism is to do nothing and be a nobody. The world will then not bother you.

51. Never fear unjust criticism, but be sure it is unjust.

52. Never criticize anyone you don't understand. Better put in the time trying to learn something about him, then criticism may be unnecessary.

53. If inventors feared criticism, we would still be traveling by ox cart and wearing homespun clothing.

54. Don't be afraid of criticism, but be prepared to accept it if you have a brand new idea to offer.

၄၉။ မည်သည့်အခါတွင်မှ အခွင့်အရေးမရခဲ့ပါဟု မကျေမနပ် ပြောလေ့ရှိသူသည် ထိုအခွင့်အရေးကို ရယူရန်သတ္တိ မရှိခဲ့သောကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

## ဝေဖန်ရေး

၅၀။ ဝေဖန်ခံရမှုကို ရှောင်ရှားနိုင်သည့် နည်းလမ်းတစ်ခုမှာ မည်သည့် ကိစ္စကိုမှ မဆောင်ရွက်ဘဲ အရေးမပါသူအဖြစ် နေထိုင်သွားပါ။ ဤတွင် ကမ္ဘာလောကကြီးက သင့်ကို စိတ်အနှောင့်အယှက်ပေးတော့မည် မဟုတ်ပါ။

၅၁။ မျှတမှုမရှိသော ဝေဖန်မှုကို မည်သည့်အခါတွင်မှ မကြောက် လန့်ပါနှင့်။ သို့ရာတွင် မျှတမှုမရှိသည်မှာ သေချာပါစေ။

၅၂။ သင် နားမလည်သူတစ်ယောက်ကို မည်သည့်အခါတွင်မှ မဝေဖန်ပါနှင့်။ ၎င်းနှင့်ပတ်သက်၍ တစ်ခုခုကို နားလည်အောင် အချိန် ပေးပြီး လေ့လာခြင်းက ပိုမိုကောင်းမွန်ပါသည်။ ထို့နောက်တွင်ကား သင်ဝေဖန်ရန် လိုအပ်ချင်မှ လိုအပ်ပါလိမ့်မည်။

၅၃။ အကယ်၍ တီထွင်သူများသည် ဝေဖန်မှုများကို ကြောက် နေခဲ့ကြမည်ဆိုပါက ကျွန်ုပ်တို့သည် ယခုအချိန်တွင် နွားလှည်းကိုစီးပြီး နေအိမ်၌ ရက်လုပ်သော အထည်များကိုသာ ဝတ်နေရဆဲ ဖြစ်ပါလိမ့်မည်။

၅၄။ ဝေဖန်ခံရမှုကို မကြောက်ပါနှင့်။ အကယ်၍ သင့်ထံတွင် စိတ်ကူးစိတ်သန်း အသစ်ကျပ်ချွတ် တစ်ခုရှိပါက ဝေဖန်မှုကို ခံယူရန် အသင့်ပြင်ဆင်ထားပါ။

55. Never criticize another man's deeds unless you know why he performed them. The chances are you would have done the same under the same circumstances.

56. If you can't take criticism, you have no right to dish it out to others.

57. If you haven't done so well with overgenerous criticism of others, why not reverse your philosophy and give praise a trial?

58. Before you start criticizing, you had better do a little softening up by praise.

59. Praise more freely than you criticize if you wish to be popular.

## DEEDS

60. If you are really great, you will let others discover this fact from your deeds.

61. Count that day lost whose descending sun finds you with no good deeds done.

၅၅။ အခြားပုဂ္ဂိုလ်တစ်ယောက်၏ လုပ်ရပ်များကို အဘယ့်ကြောင့် ဆောင်ရွက်ခဲ့ကြောင်း မသိပါဘဲနှင့် မဝေဖန်ပါနှင့်။ ဖြစ်နိုင်သည်မှာ အဆိုပါအနေအထားမျိုး၌ သင်ကိုယ်တိုင်သည်လည်း ထိုကဲ့သို့ပင် ဆောင်ရွက်ရဖွယ် ရှိနေဟန်ဘ်သည်။ *

၅၆။ အကယ်၍သင်သည် ဝေဖန်မှုကို ခံယူနိုင်စွမ်း မရှိပါက အခြားပုဂ္ဂိုလ်များကိုလည်း မဝေဖန်ထိုက်ချေ။

၅၇။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်များအား လွန်လွန်ကဲကဲ ဝေဖန်ပြောဆိုခြင်းဖြင့် ထိရောက်မှု မရှိပါက၊ သင့်အတွေးအမြင်ကို ပြောင်းပြန်လှန်ပြီး ချီးကျူးစကားဖြင့် စမ်းကြည့်သင့်ပါ၏။ *

၅၈။ သင်က ဝေဖန်စကား မပြောမီ ချီးကျူးစကားအနည်းငယ်ဖြင့် ပျော့ပျောင်းစွာ စတင်မည်ဆိုပါက ပိုမိုကောင်းမွန်ပါ၏။ * *

၅၉။ အကယ်၍ သင့်ကို လူကြိုက်များလာစေလိုပါက ဝေဖန်မည့်အစား၊ ချီးကျူးစကားကို ပို၍မကြာခဏ ပြောပါ။ **

## လုပ်ဆောင်ချက်များ

၆၀။ အကယ်၍ သင်သည် အမှန်တကယ် ကြီးမြတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ထိုအချက်ကို သင်၏ လုပ်ရပ်များဖြင့်သာ အခြားပုဂ္ဂိုလ်များ သိကြပါစေ။

၆၁။ ကောင်းမွန်သော လုပ်ရပ်တစ်ခုခုကိုမျှ သင်မဆောင်ရွက်မိဘဲ နေဝင်သွားသော နေ့တစ်နေ့ကို ဆုံးရှုံးသွားသော နေ့အဖြစ် သတ်မှတ်ပါ။

62. The only safe way to boast is by constructive deeds and not by words.

63. Self-praise is a credit only when it consists of deeds helpful to others and not of mere words.

64. If you really are smarter than other men, you will let others find this out from your deeds.

65. The safest and best way to punish one who has done you an injustice is to do him a kind deed in return.

66 Waste no words on a man who dislikes you. Deeds will impress him more.

67. By all means tell the world how good you are—but first show it!

68. The man who thinks he can buy his way into heaven with money alone may regret that he didn't convert it into good deeds instead.

၆၂။ အန္တရာယ်ကင်းသော ကြွားဝါမှုသည် စကားလုံးများဖြင့် မဟုတ်ဘဲ အပြုသဘောဆောင်သည့် လုပ်ရပ်များဖြင့်သာ ပြသခြင်း ဖြစ်သည်။

၆၃။ မိမိကိုယ်ကို ချီးကျူးရာတွင် စကားလုံးများ သက်သက်ဖြင့်သာ မဟုတ်ဘဲ အခြားပုဂ္ဂိုလ်များအား ကူညီသည့်လုပ်ရပ် ပါဝင်မှသာ ဂုဏ်ယူဖွယ်ဖြစ်သည်။

၆၄။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်များထက် ပို၍ချက်ချာ ပါးနပ်သည်ဆိုပါက ထိုအချက်ကို အခြားပုဂ္ဂိုလ်များအား လုပ်ရပ်ဖြင့်သာ သိစေရာ၏။

၆၅။ သင့်အပေါ်၌ မတရားမှုကို ပြုလုပ်ခဲ့သူ တစ်ဦးအား အန္တရာယ် အကင်းဆုံးနှင့် အကောင်းဆုံး အပြစ်ပေးနည်းမှာ ၎င်းအား ကြင်နာသော လုပ်ဆောင်ချက်တစ်ခုဖြင့် တုံ့ပြန်ခြင်းပင်ဖြစ်သည်။

၆၆။ သင့်ကို မနှစ်ခြိုက်မလိုလားသည့် ပုဂ္ဂိုလ်တစ်ဦးအတွက် စကားလုံးများကို ဖြုန်းတီးမနေပါနှင့်။ (သင်၏) လုပ်ရပ်များက ၎င်းကို ပို၍ နားလည်စေပါလိမ့်မည်။

၆၇။ သင်သည်မည်မျှတော်ကြောင်း အများသိအောင် ပြောပြပါ။ သို့သော် ဦးစွာအလုပ်ကိုပြပါ။

၆၈။ ကောင်းကင်ဘုံသို့ သွားသည့်လမ်းကို ငွေနှင့်ပေါက်၍ ဝယ်နိုင်သည်ဟု အထင်ရောက်နေသူ တစ်ဦးသည် ထိုငွေများကို ကောင်းမွန်သော လုပ်ဆောင်ချက်များအဖြစ် မပြောင်းလဲမိခဲ့သည့်အတွက် နောင်တရဖွယ်ရှိသည်။ **

69. Perhaps you can say it in words of eloquence but deeds will be remembered longer.

70. It's not the epitaph on your tombstone but the record of your deeds that may perpetuate your name after death.

71. Remember this: the world pins no medals on you because of what you know, but it may crown you with glory and riches for what you do.

72. If you appreciate the kindness shown you by others, say it with deeds as well as words.

73. What you do is more impressive than anything you might say.

74. The right sort of deeds require no embellishment of words.

၆၉။ သင်သည် စကားပြောကောင်းသောကြောင့် (နားဝင်အောင်) ပြောတတ်ကောင်း ပြောတတ်ပေလိမ့်မည်။ သို့ရာတွင် သင်၏ လုပ်ရပ်များကိုသာ ပို၍ကြာမြင့်စွာ သတိရနေကြပေလိမ့်မည်။

၇၀။ သင် ကွယ်လွန်သည့်တိုင် သင်၏အမည် ဆက်လက်တည်တံ့စေမည့် ကိစ္စမှာ အုတ်ဂူပေါ်၌ ရေးထိုးထားသည့် စာမဟုတ်ဘဲ သင်၏ လုပ်ဆောင်ချက်မှတ်တမ်းသာ ဖြစ်ပေလိမ့်မည်။ **

၇၁။ သင် သိထားသော အချက်များကြောင့် ကမ္ဘာကြီးက သင့်အား ဆုတံဆိပ်များကို ချိတ်ဆွဲပေးလိမ့်မည်မဟုတ်။ သို့ရာတွင် သင်၏ လုပ်ရပ်များကြောင့် သင့်အား စည်းစိမ်ချမ်းသာများ၊ အောင်မြင်မှုများဖြင့် သရဖူဆောင်းပေးလိမ့်မည်ဆိုသောအချက်ကို သတိရပါလေ။ *

၇၂။ အကယ်၍ သင့်အပေါ်တွင် အခြားပုဂ္ဂိုလ်များက ပြသသော ကြင်နာမှုများကို ကျေးဇူးတင်သည်ဆိုပါက သင်က ထိုအချက်ကို စကားလုံးများဖြင့်သာမက လုပ်ရပ်များဖြင့်ပါ ပြန်လည်ပြသပါ။

၇၃။ သင်၏ လုပ်ဆောင်ချက်က သင် ပြောမည့် မည်သည့် စကားလုံးထက်မဆို ပို၍အထင်ကြီးစရာ ဖြစ်သည်။

၇၄။ မှန်ကန်သော လုပ်ရပ်များအတွက် စကားလုံးများဖြင့် တန်ဆာဆင်ရန် မလိုအပ်ပါ။

# DEFINITENESS OF PURPOSE

75. This is a fine world for the man who knows precisely what he wants of life and is busy getting it.

76. A man without a definite major purpose is as helpless as a ship without a compass.

77. All riches consist in the habit of clear thinking. If you have no major purpose in life, your minor purpose will amount to nothing but a scant existence.

78. Willpower is the outgrowth of definiteness of purpose expressed through persistent action, based on personal initiative.

79. A rudderless ship and a purposeless man are eventually stranded on a desert sand.

## ရည်ရွယ်ချက်တိကျခိုင်မာမှု

၇၅။ ဘဝတွင် မိမိလိုချင်သည့်အရာကို တိတိကျကျ သိထားသည် သာမက ထိုအရာကို ရရှိရေးအတွက် အလုပ်များနေသူတစ်ဦးအဖို့ ဤကမ္ဘာကြီးသည် သာယာနေပါလိမ့်မည်။ ***

၇၆။ အဓိကကျသော ရည်ရွယ်ချက် တိတိကျကျ မရှိသူတစ်ယောက် သည် လမ်းပြအိမ်မြှောင် မပါရှိသော သင်္ဘောတစ်စီးကဲ့သို့ အားကိုးရာ မဲ့နေပေလိမ့်မည်။

၇၇။ ကြွယ်ဝချမ်းသာမှုမှန်သမျှတွင် ရှင်းလင်းစွာတွေးတောတတ်သည့် အလေ့အကျင့် ပါဝင်နေလေ့ရှိသည်။ အကယ်၍ သင့်ထံတွင် ဘဝ အတွက် အရေးကြီးသော ရည်ရွယ်ချက်မရှိပါက သင်၏ အရေးမပါ သော ရည်ရွယ်ချက်က သင့်ကို မည်မည်ရရ ဖြစ်လာစေမည်မဟုတ် ဘဲ သင်သည် ဆင်းရဲချို့တဲ့စွာ နေထိုင်ရပေလိမ့်မည်။

၇၈။ စိတ်စွမ်းအား ဆိုသည်မှာ မိမိ၏ကိုယ်ပိုင်ဉာဏ်ကို အခြေခံ၍ မဆုတ်မနစ် ဆောင်ရွက်မှုဖြင့် ခိုင်မာသော ရည်ရွယ်ချက်မှ ထူးထူး ခြားခြား အောင်မြင်ကြီးထွားလာမှုပင် ဖြစ်သည်။

၇၉။ တက်မ မရှိသော သင်္ဘောနှင့် ရည်ရွယ်ချက်ကင်းမဲ့နေသူတို့ သည် နောက်ဆုံးတွင် လူသူကင်းမဲ့သော သောင်ပြင်ပေါ်၌ သောင်တင် နေတတ်ကြသည်။

80. Honesty and hard work are commendable traits of character, but they will never make a success of the man who does not guide them toward a definite major purpose.

81. Living without a definite major purpose promises nothing but a scant living.

82. If you have no major purpose, you are drifting toward certain failure.

83. Constancy of purpose is the first principle of success.

## EDUCATION OR LEARNING

84. That which you learn from your job may ultimately be more valuable to you than the immediate pay you receive.

85. A man may learn by listening, but not by talking. Before anything can come out of the mind, something must be put into it.

၈၀။ ရိုးသားဖြောင့်မတ်မှုနှင့် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်လေ့ရှိမှုတို့သည် ချီးကျူးထိုက်သော အကျင့်စာရိတ္တပိုင်းဆိုင်ရာ စရိုက်များပင်ဖြစ်သည်။ သို့ရာတွင် တိကျခိုင်မာသော ကြီးမားသည့် ရည်ရွယ်ချက်တစ်ခုသို့ ဦးတည်ခြင်းမရှိပါက ၎င်းတို့က လူတစ်ယောက်အား မည်သည့်အခါတွင်မှ အောင်မြင်စေလိမ့်မည်မဟုတ်ပါ။

၈၁။ အဓိကကျသော ကြီးမားသည့် ရည်ရွယ်ချက်မရှိဘဲ နေထိုင်နေသူတစ်ဦးအတွက် ဘဝတွင် ချို့တဲ့စွာ နေထိုင်မှုက လွဲ၍ အခြားဘာမျှမရနိုင်ပါ။

၈၂။ အကယ်၍ သင့်ထံတွင် တိကျသော ရည်ရွယ်ချက် မရှိပါက သင်သည် ကျရှုံးမှုတစ်ခုဆီသို့ မျောပါနေလေပြီ။

၈၃။ ရည်ရွယ်ချက်ကို တစ်သမတ်တည်း ထားရှိခြင်းသည် အောင်မြင်မှု၏ ပထမစည်းမျဉ်းပင် ဖြစ်သည်။

# ပညာရေး (သို့မဟုတ်) လေ့လာသင်ယူရေး

၈၄။ သင်၏ လုပ်ငန်းခွင်မှ လေ့လာသင်ယူ၍ ရရှိနေသမျှ (အတတ်ပညာများ)သည် သင်လက်ငင်းရနေသော လစာထက် နောက်ဆုံးတွင် ပို၍တန်ဖိုးရှိလာလိမ့်မည်။ ***

၈၅။ လူတစ်ယောက်သည် စကားပြောခြင်းဖြင့် လေ့လာသင်ယူ၍ မရနိုင်။ နားထောင်ခြင်းဖြင့်သာ သင်ယူ၍ရနိုင်၏။ သင့်စိတ်ထဲမှ တစ်ခုခုထွက်လာဖို့ဆိုပါက တစ်စုံတစ်ခုကို သွင်းပေးရပေလိမ့်မည်။ (input ရှိမှ output ရှိမည်။)

86. A good teacher is always a good student.

87. An educated person is not necessarily the one who has the knowledge, but the one who knows where to get it when he needs it.

88. Studying another man for constructive ideas pays off better than looking for his faults.

89. Knowledge is not power; it is only potential power that becomes real through use.

90. Learn to do some one thing better than anyone else can do it, and you can forget your financial problems.

91. If you are not trying to learn all about your foreman's job, you are tossing away the possibilities of promotion to his or a better job.

၈၆။ အလွန်တော်သော ဆရာတစ်ယောက်သည် အမြဲပင် တပည့်ကောင်းတစ်ယောက် ဖြစ်လေ့ရှိသည်။

၈၇။ ပညာတတ်တစ်ယောက်သည် အမြဲပညာဗဟုသုတရှိရမည်ဟု မဆိုလိုပေ။ သို့ရာတွင် ပညာဗဟုသုတ လိုအပ်လာချိန်၌ မည်သည့်နေရာမှ ရယူနိုင်သည်ကို သိသူဖြစ်သည်။ **

၈၈။ လူတစ်ယောက်အား အပြစ်ရှာနေသည်ထက် ၎င်း၏အပြုသဘောဆောင်သော စိတ်ကူးစိတ်သန်းများကို လေ့လာခြင်းက ပို၍အကျိုးရှိစေသည်။

၈၉။ ပညာဗဟုသုတသည် ခွန်အားမဟုတ်၊ ကြီးထွားလာနိုင်သော ခွန်အားသာဖြစ်ပြီး အသုံးချမှသာ စစ်မှန်သော ခွန်အားဖြစ်လာပါမည်။

၉၀။ သင်သည် လူတိုင်းဆောင်ရွက်နိုင်စွမ်းရှိသည့် လုပ်ငန်းများအနက် လုပ်ငန်းတစ်ခုကို ပိုမိုကောင်းမွန်စွာ လုပ်တတ်အောင် လေ့လာသင်ယူထားပါက သင်၏ ငွေကြေးဆိုင်ရာ အခက်အခဲ ပြဿနာများပြေလည်သွားကြပါလိမ့်မည်။ **

၉၁။ အကယ်၍ သင်သည် သင့်အထက်က အလုပ်ကြပ်ဖြစ်သူဆောင်ရွက်နေသည့် လုပ်ငန်းမှန်သမျှကို လေ့လာသင်ယူရန် မကြိုးစားပါက ၎င်း၏ ရာထူးနေရာ သို့မဟုတ် ပို၍ကောင်းမွန်သော ရာထူးနေရာသို့ တိုးမြင့်နိုင်ခြေရှိသည်တို့ကို စွန့်ပစ်နေခြင်းသာ ဖြစ်သည်။

92. Where does the philosopher learn so much about the mistakes men make? From those who make them!

93. The ability to ask intelligent questions made Socrates the best-educated man of his time.

94. Knowledge, intelligently used, attracts greater knowledge.

95. The more you learn about your job, the more you may earn from your job.

96. The person who learns while he earns is being paid to go to school.

97. Knowledge is useless until it is transformed into benefit through action.

၉၂။ ဒဿနိကပညာရှင် တစ်ယောက်သည် လူသားတို့ မှားတတ်ကြသည့် အမှားအယွင်းများစွာကို အဘယ်ကြောင့် ဤမျှလောက်အထိ များပြားစွာ မည်သည့်နေရာမှ သိရှိပါသနည်း။ အမှားအယွင်းများကို ပြုလုပ်နေသူများထံမှ သိရှိနေခြင်းသာဖြစ်သည်။

၉၃။ ပညာသားပါသော မေးခွန်းများကို မေးမြန်းနိုင်သည့် အရည်အချင်းကြောင့် "ဆိုကရေးတီး"သည် ၎င်း၏ခေတ်ကာလ၌ ပညာအတတ်ဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့လေသည်။ **

၉၄။ ပညာဗဟုသုတကို ပညာသားပါပါ အသုံးပြုပါက ပို၍ကြီးမားသော ပညာဗဟုသုတကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ **

၉၅။ သင်၏လုပ်ငန်းနှင့် ပတ်သက်၍ သင်က ပို၍လေ့လာသင်ယူလေလေ သင်၏လုပ်ငန်းမှ ဝင်ငွေပို၍ ရလာလေလေ ဖြစ်ပါလိမ့်မည်။ *

၉၆။ လုပ်ခကြေးငွေ ရနေစဉ် လေ့လာသင်ယူနေသော ပုဂ္ဂိုလ်သည် ကျောင်းတက်ရန် ပညာသင်ထောက်ပံ့ကြေး ရရှိနေသူဖြစ်သည်။

၉၇။ ပညာဗဟုသုတကို လုပ်ဆောင်ချက်မှတစ်ဆင့် အကျိုးအမြတ်အဖြစ်သို့ မပြောင်းလဲနိုင်မီအထိ ၎င်းပညာဗဟုသုတသည် အသုံးမဝင်လှချေ။

# EFFECTIVE SPEECH

98. Remember, every word you speak gives someone a chance to find out how much—or how little—you know.

99. Not always is it what you say, as much as the way you say it, that counts.

100. Have you noticed how natural it is for a man to modify his tone of voice so it pleases when he asks a favor?

101. Speak gently and you will not need to weigh your words so carefully.

102. The man who speaks gently is heard further.

103. Carelessly expressed words often have an embarrassing rebound.

104. The most biting pain comes from a sharp tongue.

# ထိရောက်သော စကားပြောဆိုမှု

၉၈။ သင်ပြောသည့် စကားလုံးတိုင်းက သင်သည်မည်သည့် ပမာဏ အထိ များပြားစွာ သို့မဟုတ် နည်းပါးစွာ သိရှိထားသည်ဆိုသည်ကို တစ်ယောက်ယောက်က သိရှိနိုင်သည့် အခွင့်အရေး ပေးအပ်နေခြင်း ဖြစ်သည်ဆိုသောအချက်ကို သိရှိနားလည်ပါလေ။

၉၉။ သင် ပြောသည့်စကားတိုင်းက အရေးပါလေ့မရှိပါ။ သင် ပြောပုံပြောနည်းကသာ အရေးပါခြင်းဖြစ်သည်။

၁၀၀။ လူတစ်ယောက်က အခြားတစ်ယောက်ထံမှ အကူအညီ တောင်းခံချိန်၌ ၎င်း၏အသံနေအသံထားကို လိုက်လျောညီထွေ ဖြစ်အောင် ပြောင်းလဲပြောတတ်သည့် လူ့သဘာဝကို သင် သတိထားမိပါသလား။ (သတိထား လေ့လာပါ။)

၁၀၁။ စကားကို နူးညံ့သိမ်မွေ့စွာ ပြောဆိုမည်ဆိုပါက သင့်စကား လုံးများကို သတိထားပြီး ချိန်ဆနေရန် လိုအပ်လိမ့်မည် မဟုတ်ပါ။

၁၀၂။ နူးညံ့သိမ်မွေ့စွာ ပြောဆိုလေ့ရှိသူ၏ စကားသည် ပို၍ပေါက် ရောက်လေ့ရှိ၏။ *

၁၀၃။ မဆင်မခြင် ပြောဆိုလေ့ရှိသော စကားများသည် ကသိကအောက် ဖြစ်စေသော တုံ့ပြန်မှုများနှင့် ကြုံရတတ်သည်။

၁၀၄။ အဆိုးရွားဆုံး နာကျင်စေမှုသည် ပက်ပက်စက်စက် ပြောလိုက် သော စကားကြောင့် ဖြစ်တတ်သည်။ **

105. Think what you please, but be careful how you express your thoughts.

## ENTHUSIASM

106. Where enthusiasm is a habit, fear and worry do not hang around.

107. If you are without enthusiasm, you are without a definite major purpose.

108. Enthusiasm starts the wheels of the imagination to turning.

109. A man without enthusiasm is like an automobile without gasoline.

110. The happiest men are those who have learned to mix play with their work and find the two together with enthusiasm.

111. Enthusiasm often makes dull conversation interesting.

၁၀၅။ သင် လိုရာကို ကြိုက်သလိုတွေးတောနိုင်ပါသည်။ သို့ရာတွင် သင်၏ အတွေးများကို ဖွင့်ဟပြောဆိုရာ၌ ဆင်ခြင်ပါ။

# စိတ်အားထက်သန်မှု

၁၀၆။ စိတ်အားထက်သန်မှုသည် အလေ့အကျင့်တစ်ခုဖြစ်နေပါက ကြောက်စိတ်နှင့်သောကတို့သည် အနီးအနား၌ ခိုအောင်းနေကြလိမ့်မည် မဟုတ်ချေ။ **

၁၀၇။ အကယ်၍ သင့်ထံတွင် စိတ်အားထက်သန်မှု ရှိမနေပါက တိကျသော ကြီးမားသည့် ရည်ရွယ်ချက်လည်း ရှိမည်မဟုတ်ချေ။

၁၀၈။ စိတ်အားထက်သန်မှုက စိတ်ကူးစိတ်သန်း၏ ဘီးများကို စတင်၍ လည်ပတ်စေ၏။

၁၀၉။ စိတ်အားထက်သန်မှု မရှိသူတစ်ယောက်သည် ဓာတ်ဆီမရှိသော မော်တော်ကားတစ်စီးနှင့် တူသည်။

၁၁၀။ အပျော်ရွှင်ဆုံး အမျိုးသားများသည် အလုပ်နှင့်ဝါသနာကို ပေါင်းစပ်တတ်သူများဖြစ်ပြီး ထိုကိစ္စနှစ်မျိုးစလုံးကို စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်လေ့ရှိကြသည်။ **

၁၁၁။ စိတ်အားထက်သန်မှုက ငြိမ့်ငွေ့စရာကောင်းသော စကားဝိုင်းကို စိတ်ဝင်စားမှု ဖြစ်ပေါ်လာစေတတ်သည်။

# THE EXTRA MILE

112. A peacemaker always fares better than an agitator.

113. Remember that every time you go the extra mile you place someone under obligation to you.

114. The end of the rainbow is reached only at the end of the second mile.

115. Only those who have the habit of going the second mile ever find the end of the rainbow.

116. Every time you influence another person to do a better job you benefit him and increase your own value.

117. A good fisherman goes out of his way to bait his hook with what fish prefer, which might not be a bad tip for those who wish to succeed in human relationships.

# ပို၍အားစိုက်ဆောင်ရွက်မှု

၁၁၂။ ရင်ကြားစေ့ပေးသူတစ်ဦးသည် (မသင့်မတင့်ဖြစ်အောင်) သွေးထိုးပေးနေသူတစ်ဦးထက် ပို၍တိုးတက်စမြဲဖြစ်သည်။ **

၁၁၃။ သင်၏ အပိုဆောင်း ဝန်ဆောင်မှုတိုင်းသည် တစ်ယောက်ယောက်ကို ကျေးဇူးပြုလိုက်ခြင်းဖြစ်ကြောင်း သတိရပါလေ။

၁၁၄။ သက်တံ၏အဆုံး(အောင်မြင်မှု)ကို ဒုတိယ(=သာမန်အားထုတ်မှုထက်ပိုသောနေရာ)မိုင်၏ အဆုံးသို့ရောက်မှသာ တွေ့ရလေ့ရှိသည်။

၁၁၅။ ဒုတိယမိုင်အထိရောက်အောင် သွားတတ်သောအလေ့အကျင့်ရှိသူများသာ(=အပိုဆောင်းဝန်ဆောင်မှုပေးတတ်သူများသာ) သက်တံ၏အဆုံး(အောင်မြင်မှု)ကို တွေ့ကြရလေ့ရှိသည်။

၁၁၆။ သင်၏ အရှိန်အဝါဖြင့် တစ်ယောက်ယောက်အား အလုပ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်စေသည့်အခါတိုင်း သင်က ၎င်းအား ကျေးဇူးပြုရာရောက်ပါသည်။

၁၁၇။ တံငါသည်ကောင်း တစ်ယောက်သည် ၎င်း၏စိတ်ကြိုက်ကို ပယ်၍ ငါးက နှစ်ခြိုက်သည့် ငါးစာကို ငါးမျှားချိတ်တွင်ချိတ်၏။ လူသားအချင်းချင်း ဆက်ဆံရာ၌ အောင်မြင်လိုသူများအတွက် ဤအချက်သည် ကောင်းမွန်သော နိမိတ်ပြစကား ဖြစ်နိုင်သည်။

118. You cannot make all people like you, but you can rob them of a sound reason for disliking you.

119. The most important job is that of learning how to negotiate with others without friction.

120. Remember, you can place anyone under obligation to you whom you can induce to *accept favors* from you.

121. The man who does more than he is paid for is sooner or later paid willingly for more than he does.

122. Start going the extra mile and opportunity will start following you.

123. Don't push the other fellow around if you have corns on your own toes.

124. He is richest who gives most in service to others.

၁၁၈။ လူအားလုံးက သင့်ကို သဘောကျလာအောင် ဆောင်ရွက် နိုင်လိမ့်မည်မဟုတ်ပါ။ သို့ရာတွင် ၎င်းတို့က သင့်ကို မနှစ်ခြိုက် နိုင်သည့် ခြေခြေမြစ်မြစ် အကြောင်းပြချက်ကိုမူ သင်က ပယ်ဖျက် ပစ်နိုင်ပါသည်။

၁၁၉။ အရေးအကြီးဆုံး လုပ်ငန်းမှာ အခြားပုဂ္ဂိုလ်များနှင့် ဈေးစပ် ညှိနှိုင်းရာတွင် ပဋိပက္ခမဖြစ်စေဘဲ ဆောင်ရွက်နည်းကို လေ့လာ သင်ယူထားရန်ပင်ဖြစ်သည်။

၁၂၀။ သင်ပေးအပ်သည့် အခွင့်အရေးများကို လက်ခံရယူ လာအောင် သင်က စည်းရုံးထားနိုင်သည့်ပုဂ္ဂိုလ် မည်သူမဆို သင်၏ကျေးဇူးခံ ကျေးဇူးစားဖြစ်လာစေနိုင်သည်ဆိုသော အချက်ကို သတိရပါလေ။

၁၂၁။ မိမိရရှိနေသော လခထက် ပိုမို၍အလုပ်လုပ်နေသူ တစ်ယောက်သည် ဆောင်ရွက်နေသည့် အလုပ်တန်ဖိုးထက်ပိုမို၍ လိုလို လားလား ချီးမြှင့်မှုကို အနှေးနှင့်အမြန် ရရှိလာပါလိမ့်မည်။ **

၁၂၂။ သင်ဆောင်ရွက်ရမည့် အလုပ်ပမာဏထက် အပိုဆောင်းပြီး ဆောင်ရွက်ပြလိုက်ပါ။ အခွင့်အရေးက စတင်၍ သင့်နောက်ကလိုက် ပါလာပါလိမ့်မည်။ **

၁၂၃။ သင့်ထံတွင် အပြစ်အနာအဆာများ ရှိနေပါက အခြားပုဂ္ဂိုလ် များကို အပြစ်လိုက်မရှာပါနှင့်။

၁၂၄။ အခြားပုဂ္ဂိုလ်များအား ဝန်ဆောင်မှုအများဆုံးပေးသူသည် အချမ်း သာဆုံးပုဂ္ဂိုလ်ပင် ဖြစ်သည်။ ***

125. Only the highway of useful service leads to the city of happiness.

## FAILURE

126. Edison failed ten thousand times before perfecting the incandescent electric light bulb. Don't worry if you fail once.

127. Edison failed ten thousand times before he perfected the modern electric lamp.

128. The average man would have quit at the first failure. That's why there are so many "average" men and only one Edison.

129.Drifting, without aim or purpose, is the first of thirty major causes of failure.

130. Men may have found opportunities in failure and adversity which they could not recognize in more favorable circumstances.

၁၂၅။ အသုံးဝင်သော ဝန်ဆောင်မှု(များဖြင့်ဖောက်လုပ်ထားသည့်) အဝေးပြေးလမ်းမကြီးကသာ ပျော်ရွှင်မှုမြို့တော်ဆီသို့ ဦးတည်လျက်ရှိနေသည်။ **

# မအောင်မြင်မှု

၁၂၆။ အယ်ဒီဆင်သည် လျှပ်စစ်မီးသီးကို စိတ်တိုင်းကျ မပြုလုပ်နိုင်မီ အကြိမ်ပေါင်းတစ်သောင်း မအောင်မြင်ခဲ့ချေ။ အကယ်၍သင်က တစ်ကြိမ်တစ်ခါ မအောင်မြင်ပါက သောကမဖြစ်ပါလေနှင့်။ *

၁၂၇။ ခေတ်သစ်လျှပ်စစ်မီးသီးကို စိတ်တိုင်းကျ မပြုလုပ်နိုင်မီ အယ်ဒီဆင်သည် အကြိမ်ပေါင်းတစ်သောင်း မအောင်မြင်ခဲ့ချေ။

၁၂၈။ သာမန် လူတစ်ယောက်သည် ပထမတစ်ကြိမ် မအောင်မြင်သည်နှင့် လက်လျှော့ သွားတတ်သည်။ ထို့ကြောင့် သာမန်လူပေါင်း မြောက်မြားစွာရှိနေပြီး အယ်ဒီဆင် တစ်ယောက်တည်းသာ ရှိနေခြင်း ဖြစ်သည်။ *

၁၂၉။ ရည်မှန်းချက် သို့မဟုတ် ရည်ရွယ်ချက်မဲ့စွာ လွင့်မျောနေခြင်းသည် မအောင်မြင်မှု၏ အဓိက အကြောင်းတရားပေါင်း ၃၀ အနက် ပထမဦးဆုံးအချက်ပင် ဖြစ်သည်။

၁၃၀။ လူအများသည် ပို၍သက်သောင့်သက်သာရှိသော အချိန်တွင် သတိမပြုမိတတ်ကြသော အခွင့်အလမ်းများကို မအောင်မြင်သည့်အချိန် အခက်အခဲဒုက္ခများကို ကြုံတွေ့နေရချိန်တွင် ရှာဖွေတွေ့ရှိတတ်ကြ၏။

131. Making, life "easy" for children usually makes life "hard" for them in adulthood.

132. Men don't mind being told of their faults if one is generations enough to mix in a few of their virtues as well.

133. Success requires no explanations-failures must be doctored with alibis.

134. There is a vast difference between failure and temporary defeat. No one may succeed until he recognizes the nature of this difference.

135. A man is never a failure until he accepts defeat as permanent and quits trying.

136. Most failures could have been converted into successes if someone had held on another minute or made one more effort.

၁၃၁။ ကလေးများ၏ဘဝကို သက်သောင့်သက်သာ ဖြစ်အောင် အလိုလိုက်ထားခဲ့ပါက အများအားဖြင့် ၎င်းတို့အရွယ်ရောက်လာချိန်တွင် ၎င်းတို့၏ဘဝသည် ခက်ခဲကြမ်းတမ်းလေ့ရှိကြ၏။

၁၃၂။ လူအများ၏ အပြစ်များကို ပြောဆိုရာတွင် အကယ်၍ ၎င်းတို့၏ ကောင်းမွန်သော အချက်အချို့ကိုပါ ဖောဖောသီသီ ရောနှော ပေါင်းစပ်၍ ပြောဆိုမည်ဆိုပါက စိတ်မဆိုးတတ်ကြချေ။

၁၃၃။ အောင်မြင်မှုအတွက် ရှင်းလင်းပြရန် မလိုအပ်ပါ။ မအောင်မြင်မှုများအတွက်မူ မိမိနှင့်မသက်ဆိုင်ကြောင်း ဆင်ခြေဆင်လက်များဖြင့် ဉာဏ်ဆင်ရလေ့ရှိသည်။

၁၃၄။ မအောင်မြင်မှုနှင့် ယာယီရှုံးနိမ့်မှုတို့အကြား၌ ကြီးမားသော ကွဲပြားခြားနားမှုရှိသည်။ ဤကွဲပြားခြားနားမှု၏ သဘောသဘာဝကို သဘောမပေါက်သရွေ့ မည်သူမျှအောင်မြင်လိမ့်မည် မဟုတ်ချေ။

၁၃၅။ လူတစ်ယောက်သည် မအောင်မြင်မှုကို ထာဝရဖြစ်ရပ်အဖြစ် လက်မခံသရွေ့၊ ၎င်း၏ဆက်လက်ကြိုးပမ်းနေမှုကို လက်မလွှတ်သရွေ့ ၎င်းသည် မအောင်မြင်သူ တစ်ဦးဖြစ်နေလိမ့်မည် မဟုတ်ချေ။

၁၃၆။ အကယ်၍ လူတစ်ယောက်သည် နောက်ထပ်တစ်မိနစ် တောင့်ခံထားမည်ဆိုပါက သို့မဟုတ် နောက်တစ်ကြိမ်ထပ်မံ၍ ကြိုးစားမည် ဆိုပါက မအောင်မြင်မှုအများစုကို အောင်မြင်မှုများအဖြစ် ပြောင်းလဲ ပစ်နိုင်ဖွယ်ရှိသည်။ *

137. The man who tries to get something for nothing generally winds up by getting nothing for something.

138. The man who gambles for money is a potential cheater, for he is trying to get something for nothing.

139. Failure is not a disgrace if you have sincerely done your best.

140. If you have no major purpose, you are drifting toward certain failure.

141. Don't blame children who are bad. Blame those who failed to discipline them.

142. Human faults are like garden weeds. They grow without cultivation and soon take over the place if they aren't thinned out.

143. Remember that the faults of man are pretty evenly distributed among all of us.

144. A wise man watches his faults more closely than his virtues; others reverse the order.

၁၃၇။မိမိက 'ဆန်' မပေးဘဲ 'ဆေး' ရအောင်ကြိုးစားလေ့ရှိသူသည် အများအားဖြင့် မိမိက 'ဆန်'ပေးသော်လည်း နောက်ဆုံးတွင် ဘာကိုမှ ပြန်မရဘဲရှိတတ်လေသည်။ **

၁၃၈။ ငွေရဖို့ လောင်းကစားလုပ်သူသည် အလုပ်မလုပ်ဘဲ ငွေရလိုသူဖြစ်ရာ လိမ်လည်လှည့်စားဖွယ် ရှိသူဖြစ်သည်။

၁၃၉။အကယ်၍ သင်က ရိုးသားဖြူစင်စွာဖြင့် အကောင်းဆုံး ဆောင်ရွက်ခဲ့သည်ဆိုပါက မအောင်မြင်မှုသည် အရှက်ရစရာ မဟုတ်ချေ။

၁၄၀။ အစိက ဦးတည်ချက်မဲ့နေလျှင် ဆုံးရှုံးမှုတစ်ရပ်ဆီသို့ ဦးတည်မျောပါနေလိမ့်မည်။

၁၄၁။ဆိုးရွားသော ကလေးများကို အပြစ်မတင်ပါနှင့်။ ၎င်းတို့အား စည်းကမ်းရှိလာအောင် မဆောင်ရွက်နိုင်သူများကိုသာ အပြစ်တင်ပါ။

၁၄၂။လူသားတို့၏ အပြစ်အနာအဆာများသည် ပန်းခြံထဲမှပေါင်းပင်များနှင့်တူ၏။ ၎င်းတို့သည် မစိုက်ပျိုးဘဲနှင့် ပေါက်လာလေ့ရှိ၏။ ၎င်းတို့ကို ရှင်းမပစ်ပါက မကြာမီ ထိုနေရာကို ဖုံးအုပ်သွားလေ့ ရှိကြ၏။

၁၄၃။လူသားတို့၏ အပြစ်အနာအဆာများသည် ကျွန်ုပ်တို့အားလုံးထံတွင် အညီအမျှနီးပါး ဖြန့်ဝေထားပြီဖြစ်ကြောင်း သတိရပါလေ။

၁၄၄။ ပညာရှိတစ်ယောက်သည် မိမိ၏ကောင်းကွက်များထက် မိမိ၏အပြစ်အနာအဆာများကို စေ့စေ့စပ်စပ် စောင့်ကြည့်နေလေ့ရှိ၏။ အခြားပုဂ္ဂိုလ်များကမူ ဆန့်ကျင်ဘက် လုပ်တတ်ကြ၏။

145. Your failure may prove to be an asset, provided you know why you failed.

## FAIRNESS

146. Don't overlook small details. Remember that the universe and all that is in it is made from atoms, the smallest known particles of matter.

147. The best way to get favors is to start handing out favors.

## FAITH

148. No man can destroy your faith in anything unless you consent.

149. Faith is a state of mind that often makes the word "impossible" obsolete.

150. Faith will not bring you what you desire, but it will show you the way to go after it for yourself.

၁၄၅။ သင်အဘယ်ကြောင့် မအောင်မြင်သည်ကို သိပါက ထိုမအောင်မြင်မှုသည် သင်၏အဖိုးတန်ပစ္စည်းတစ်ခုပင်ဖြစ်သည်။

## မျှမျှတတရှိမှု

၁၄၆။ အသေးစိတ်အချက်ကလေးများကို ဂရုမစိုက်ဘဲ မနေပါနှင့်။ စကြဝဠာကြီးတစ်ခုလုံးနှင့် စကြဝဠာကြီးထဲ၌ ပါဝင်သမျှအရာ အားလုံးကို ဒြပ်၏အသေးငယ်ဆုံးပစ္စည်းအဖြစ် သိထားကြသော အဏုမြူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်ကို သတိရပါလေ။

၁၄၇။ အကူအညီများကို ရရှိနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ မိမိကစတင်၍ ကူညီခြင်းပင်ဖြစ်သည်။

## သက်ဝင်ယုံကြည်မှု

၁၄၈။ တစ်စုံတစ်ရာပေါ်၌ရှိနေသော သင်၏ သက်ဝင်ယုံကြည်မှုကို သင်ကိုယ်တိုင်၏ သဘောတူညီမှုမပါဘဲ မည်သူကမျှ ဖျက်ဆီးပစ်နိုင်လိမ့်မည် မဟုတ်ပါ။

၁၄၉။ သက်ဝင်ယုံကြည်မှုဆိုသည်မှာ "မဖြစ်နိုင်"ဆိုသည့် ဝေါဟာရကို အသုံးမဝင်အောင် ပြုလုပ်ပေးလေ့ရှိသည့် စိတ်၏ အနေအထားတစ်ရပ်ဖြစ်သည်။

၁၅၀။ သက်ဝင်ယုံကြည်မှုက သင်ဆန္ဒရှိနေသည့် အရာများကို ယူဆောင်ပေးလိမ့်မည်မဟုတ်။ သို့ရာတွင် ထိုအရာများကိုရရှိအောင် သင်ဆောင်ရွက်နိုင်သည့်နည်းလမ်းကို ပြသပေးပါလိမ့်မည်။

## FEAR

151. Loud threats often indicate deep fears.

152. Defeat will respect you more if you learn to accept it without fear!

153. Don't temporize with fear, just go ahead and kill it.

154. Fear is the devil's greatest weapon and man's greatest enemy.

155. Fear is the most costly of all the human emotions, although most fears have no foundation in facts.

156. Men with a clear conscience seldom fear anything.

157. Every bargain based on fear or force is a bad bargain for the one who drives it.

158. Neither a dog nor a mule has any respect for the person who fears it..

# ကြောက်လန့်မှု

၁၅၁။ ကျယ်လောင်စွာ ခြိမ်းခြောက်မှုက နက်ရှိုင်းသော ကြောက်စိတ်ကို ဖော်ပြလေ့ရှိ၏။

၁၅၂။ အကယ်၍ သင်ကရှုံးနိမ့်မှုကို ကြောက်လန့်စိတ်ကင်းမဲ့စွာဖြင့် လက်ခံတတ်အောင် လေ့လာသင်ယူထားပါလျှင် ရှုံးနိမ့်မှုသည် သင့်ကို ပိုမို၍လေးစားလာလိမ့်မည်။

၁၅၃။ ကြောက်စိတ်ကြောင့် အချိန်ဆွဲမနေပါနှင့်။ ရှေ့သို့တိုးပြီး ကြောက်စိတ်ကို ဖျက်ဆီးပစ်လိုက်ပါ။

၁၅၄။ ကြောက်စိတ်သည် နတ်မိစ္ဆာ၏ အကြီးမားဆုံးလက်နက်ဖြစ်ပြီး လူသားတို့၏ အကြီးမားဆုံး ရန်သူဖြစ်၏။

၁၅၅။ ကြောက်စိတ်အများစု၌ ခိုင်မာသောအကြောင်းတရားမရှိသော်လည်း ကြောက်စိတ်ကြောင့် လူသားတို့ တန်ဖိုးအကြီးမားဆုံး ဆုံးရှုံးမှုဖြစ်ရ၏။

၁၅၆။ မိမိကိုယ်ကို လိပ်ပြာသန့်သူများသည် အရာရာ၌ ကြောက်လန့်စိတ် နည်းတတ်ကြသည်။ **

၁၅၇။ အကြောက်တရား သို့မဟုတ် ဖိအားဖြင့်အမြတ်ထုတ်ထားမှုတိုင်းသည် ထိုနည်းကိုသုံးသူအတွက် ဆိုးရွားသော အမြတ်ထုတ်မှုပင် ဖြစ်သည်။

၁၅၈။ ခွေးဖြစ်စေ၊ လားဖြစ်စေ ၎င်းတို့အား ရွံ့သည့် သခင်ကို လေးစားမည် မဟုတ်ပါ။

159.Tell me what a man fears most and I'll tell you how that man can be defeated at will.

160. Fear is bombastic: faith works in silence. But it works. When the two meet head-on, faith always is the master of fear.

161. Bad luck seems to prefer those who fear it.

162. Keep your fears to yourself. The other fellow has his own.

163. The man who fears poverty will never be rich.

164. Fear kills more people than do most things which men fear.

## FRIENDS

165. The man who calls on his friends only when he goes after something soon finds himself without friends.

၁၅၉။ သူ ဘာကိုအကြောက်ဆုံးလဲ ဆိုသည်ကိုသိပါက ထိုသူကို အလွယ်တကူ အနိုင်ယူနိုင်၏။ **

၁၆၀။ ကြောက်စိတ်သည် လေလုံးထွား၏။ သက်ဝင်ယုံကြည်မှုက ဟိတ်ဆိတ်စွာ ဆောင်ရွက်လေ့ရှိ၏။ သို့ရာတွင် အလုပ်ပြီးမြောက်လေ့ရှိ၏။ အဆိုပါ နှစ်ခု ထိပ်တိုက်တိုးကြသည့်အခါ သက်ဝင်ယုံကြည်မှုက ကြောက်စိတ်ကို အမြဲတမ်း အနိုင်ယူလေ့ရှိ၏။

၁၆၁။ ကံမကောင်းမှုသည် ၎င်းကိုကြောက်လန့်သူများအား ပိုမို၍ သဘောကျပုံရ၏။

၁၆၂။ သင်၏ ကြောက်စိတ်ကို သိုသိပ်ထားပါ။ အခြားပုဂ္ဂိုလ်ထံတွင်လည်း ကြောက်စိတ်ရှိနေပါသည်။

၁၆၃။ ဆင်းရဲမှုကို ကြောက်လန့်နေသူသည် မည်သည့်အခါတွင်မျှ ချမ်းသာလိမ့်မည် မဟုတ်ချေ။

၁၆၄။ လူတို့ ကြောက်လန့်သည့်အရာများကြောင့် သေရသူဦးရေထက် ကြောက်စိတ်ကြောင့် သေရသူဦးရေက ပိုများသည်။

## မိတ်ဆွေများ

၁၆၅။ မိမိအတွက်တစ်ခုခု လိုအပ်သည့်အခါတွင်မှ မိတ်ဆွေများထံ သွားလေ့ရှိသူသည် များမကြာမီ မိတ်ဆွေကင်းမဲ့သွားသည်ကို တွေ့ရတတ်သည်။

166. Friends must be grown to order—not taken for granted.

167. If you wish "acquaintanceship," be rich. If you wish friends, be a friend.

168. If you must let someone down, be sure it isn't the friend who helped you up when you were down.

169. A friend is one who knows all about you and still respects you.

170. Friendship needs frequent expression to remain alive.

171. Friendship recognizes faults in friends but does not speak of them.

## GRIPE

172. Some men "gripe" when they have a just cause and others just gripe.

၁၆၆။ မိတ်ဆွေများကို၊ ၎င်းတို့အားကူညီရိုင်းပင်းခြင်းဖြင့် မိတ်ဆွေကောင်းများဖြစ်လာစေရမည်။ သူ့အလိုလို အလွယ်တကူ(မိတ်ဆွေ) ဖြစ်လာကြလိမ့်မည်ဟု သဘောမထားပါနှင့်။

၁၆၇။ အကယ်၍ သင်က "အသိအကျွမ်းဖြစ်မှု"ကို လိုလားပါက ချမ်းသာကြွယ်ဝအောင်လုပ်ပါ။ အကယ်၍ သင်က မိတ်ဆွေများကို လိုလားပါက (သင်ကိုယ်တိုင်) မိတ်ဆွေတစ်ဦး ဖြစ်ပါစေ။

၁၆၈။ အကယ်၍ သင်က တစ်ယောက်ယောက်ကို ပစ်ပယ်ရတော့မည် ဆိုပါက ထိုပုဂ္ဂိုလ်သည် သင်နိမ့်ကျစဉ်က ကူညီခဲ့ဖူးသူ မဟုတ်ကြောင်း သေချာပါစေ။ **

၁၆၉။ မိတ်ဆွေဆိုသည်မှာ သင့်အကြောင်း အုမချေးခါးမကျန် သိနေသည့်တိုင်အောင် သင့်ကို လေးစားနေသူဖြစ်သည်။

၁၇၀။ မိတ်ဆွေဖြစ်မှု ဆက်လက်ရှင်သန်နေစေရန် မကြာခဏ ဖော်ပြနေဖို့လိုအပ်ပါသည်။ **

၁၇၁။ မိတ်ဆွေဖြစ်မှုက မိတ်ဆွေများ၏ အပြစ်အနာအဆာများကို သတိပြုမိ၏။ သို့ရာတွင် ထုတ်ဖော်လေ့မရှိချေ။ **

## ညည်းညူခြင်း

၁၇၂။ အချို့သော ပုဂ္ဂိုလ်များသည် ညည်းညူထိုက်သောအကြောင်း ကိစ္စရှိမှသာ ညည်းညူကြ၏။ အချို့ကမူ (အကြောင်းမဲ့) ညည်းညူနေလေ့ရှိကြ၏။

173. It is better to earn a promotion than to gripe for it.

174. If you must gripe in order to be happy, in heaven's name do it in a whisper so you'll not disturb others.

175. Don't be too hard on the fellow who is always, griping, for he is making life pretty tough for himself as it is.

176. If you must gripe, why not gripe for a bigger opportunity to be useful to others?

177. Whine about your misfortunes and thereby multiply them, but keep still and starve them out.

178. Give a griper plenty of rope and he will hang himself without your help.

၁၇၃။ ညည်းညူပြီး ရာထူးတိုးအောင် လုပ်ဆောင်ခြင်းထက် ထိုက်တန်စွာ ရရှိခြင်းက ပိုမိုကောင်းမွန်၏။

၁၇၄။ ညည်းညူမှ စိတ်သက်သာမည်ဆိုပါက ကျေးဇူးပြုပြီး အခြားပုဂ္ဂိုလ်များအား အနှောင့်အယှက် မဖြစ်အောင် လေသံကလေးဖြင့်သာ ညည်းညူပါ။

၁၇၅။ အမြဲညည်းညူနေသူတစ်ဦးကို ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံပါနှင့်။ လက်ရှိအနေအထားမှာပင် သူသည်မိမိဘဝကို ပင်ပန်းဆင်းရဲအောင် လုပ်ဆောင်နေသောကြောင့် ဖြစ်သည်။

၁၇၆။အကယ်၍ သင့်အနေဖြင့် မဖြစ်မနေ ညည်းညူရမည်ဆိုပါက အခြားပုဂ္ဂိုလ်များအတွက်ပါ အကျိုးရှိစေမည့် ပို၍ကြီးမားသော အခွင့်အရေးတစ်ခုအတွက် ညည်းညူ(တောင်းဆို)ပါလေ။

၁၇၇။ သင်၏ ကံဆိုးမှုများကို နားမခံသာအောင် ညည်းညူနေမည်ဆိုပါက ထိုကံဆိုးမှုများသည် တိုးပွားလာကြပါလိမ့်မည်။ သို့ရာတွင် ငြိမ်နေလိုက်ခြင်းဖြင့် ၎င်းတို့သည် မေးမှိန်ပြီး ပျောက်ကွယ်သွားကြပါလိမ့်မည်။ **

၁၇၈။ ညည်းညူနေလေ့ရှိသူတစ်ဦးကို ကြိုးရှည်ရှည်ပေးလိုက်ပါ။ ဤတွင် သင်၏အကူအညီမပါဘဲ သူ့ကိုယ်သူ စီရင်သွားပါလိမ့်မည်။

## HABIT OF HEALTH

179. When you feel sluggish, try nature's doctor. Just quit eating until you are hungry again.

180. The best time to "doctor" is before you become sick.

181. If you would have good health, learn to quit eating before you are entirely satisfied.

182. Keep your mind on your physical ills and you will always be sick. Ditto for health.

183. Some athletes endorse cigarettes, for a price, but they don't smoke them at any price.

184. You know what to feed your automobile for good service; now learn what to feed yourself for good health.

185. Don't try to cure a headache. It's better to cure the thing that caused it.

# ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်

၁၇၉။ သင်သည် နေးကွေးလေးကန်လာသည်ဟု ခံစားလာရပါက သဘာဝသမားတော်နှင့် ကုသကြည့်ပါ။ မဆာသေးက မစားဘဲ တကယ့်ကိုဆာမှ စားပါ။

၁၈၀။ ဆေးကုသရန် အကောင်းဆုံးအချိန်မှာ သင်မကျန်းမမာ ဖြစ်မလာခင် အချိန်ဖြစ်သည်။

၁၈၁။ အစားအစာကို စိတ်ရှိတိုင်း အဝမစားဘဲ လျှော့စားခြင်းသည် ကျန်းမာရေးအတွက် ဆေးကောင်းတစ်လက်ဖြစ်သည်။

၁၈၂။ ရုပ်ပိုင်းဆိုင်ရာ ဝေဒနာများကို အမြဲတွေးတောနေမည်ဆိုပါက သင်အမြဲတမ်း မကျန်းမမာဖြစ်ပါလိမ့်မည် ကျန်းမာရေးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

၁၈၃။ အချို့သောအားကစားသမားများက ငွေကြေးရဖို့ စီးကရက်များကို ကြော်ငြာပေးကြသော်လည်း ငွေကြေးမည်မျှပင်ပေးစေကာမူ ဆေးလိပ်သောက်ကြမည် မဟုတ်ချေ။

၁၈၄။ သင့်မော်တော်ကားကို ခိုင်းကောင်းရန် မည်သည့်ပစ္စည်းများ ဖြည့်ဆည်းပေးရမည်ကို သင်သိ၏။ သင်၏ကျန်းမာရေးကောင်းမွန်အောင် မည်ကဲ့သို့ စားသောက်ရမည်ကို လေ့လာသင်ယူပါ။

၁၈၅။ ခေါင်းကိုက်သည့် ဝေဒနာကို ကုသဖို့မကြိုးစားပါနှင့်။ ခေါင်းကိုက်ရသည့်အကြောင်းရင်းကို ကုသခြင်းက ပိုမိုကောင်းမွန်ပါသည်။

186. A big appetite doesn't always lead to sound health.

187. Do you have the cigarette habit, or does it have you?

188. Watch your eating habits and save a doctor's bill.

## HANDICAPPED

189. A blind boy paid his way to a master's degree at Northwestern University by taking notes on class lectures in the Braille system of shorthand, writing them out on a typewriter, and selling copies to his classmates who had stronger eyes but weak ambition.

190. If you become discouraged, think of Helen Keller who, although deaf, dumb, and blind, made a good living by writing books to inspire her more fortunate fellowmen.

၁၈၆။ အလွန့်ခံတွင်းတွေ့သည်ဟု ဆိုသည့်အခါတိုင်း ကျန်းမာရေး ကောင်းဖို့ မဟုတ်တတ်ပါ။

၁၈၇။ သင့်ထံတွင် စီးကရက်သောက်သည့် အကျင့်ရှိနေပါသလား။ သို့မဟုတ် စီးကရက်က သင့်ကို သောက်နေပါသလား။

၁၈၈။ သင်၏ စားသောက်မှုအလေ့အထကို ထိန်းသိမ်းဆင်ခြင်ခြင်းဖြင့် ဆေးကုသစရိတ် သက်သာသွားစေပါမည်။

## မစွမ်းမသန်ဖြစ်မှု

၁၈၉။ မျက်စိမမြင်သော လူငယ်တစ်ယောက်သည် နေ့သိ ဝက်စတင်း တက္ကသိုလ်တွင် ကျောင်းတက်နေစဉ် သင်တန်း၌ပို့ချသော သင်ခန်းစာများကို (မျက်မမြင်များအသုံးပြုသည့်) ဘရေးလ် လက်ရေးတိုစံနစ်ဖြင့် လိုက်၍ရေးမှတ်ပြီး ရိုးရိုးလက်နှိပ်စက်ဖြင့် အချောပြန်ရိုက်သည်။ ထို့နောက် မျက်စိကောင်းသော်လည်း ရည်မှန်းချက်တွင် အားနည်းကြသူ သင်တန်းဖော် ကျောင်းသားများအား မှတ်စုများကို ပြန်လည်ရောင်းချခြင်းဖြင့် ကျောင်းစရိတ်ရှာ၍ မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့ဖူးသည်။

၁၉၀။ အကယ်၍ သင်သည် စိတ်ဓာတ်ကျအားပျော့လာပါက 'ဟယ်လင် ကဲလား'ကို စဉ်းစားကြည့်လိုက်ပါ။ သူမသည် နားမကြား ဆွံ့အ နေသည်သာမက မျက်စိလည်း မမြင်သူဖြစ်သည်။ သို့တိုင်အောင် ၎င်းထက်ပို၍ကံကောင်းကြသည့် အခြားပုဂ္ဂိုလ်များအတွက် စိတ်ဓာတ် တက်ကြွစေမည့် စာအုပ်များကို ရေးသားခြင်းဖြင့် လူတန်းစေ့နေထိုင် သွားနိုင်ခဲ့သည်။

191 . The man who starts at the top is greatly handicapped because then he can move in but one direction-downward!

## HAPPINESS

192. Some people accumulate money so they can convert it into happiness, but the wiser ones accumulate happiness so they can give it away and still have it in abundance.

193. Happiness can be multiplied by sharing it with others without diminishing the original source. It is the one asset which increases when it is given away

194. A smile is a little thing that may produce big results.

195. Happiness is found in doing—not merely in possessing.

196. You can't find happiness by robbing another of it. Ditto for economic security.

၁၉၁။ ထိပ်ဆုံးမှစတင်သူအတွက် အခိကအားနည်းချက်မှာ လားရာအဖြစ် အောက်သို့ကျနိုင်ခြေသာရှိခြင်းပင်။

## ပျော်ရွှင်မှု

၁၉၂။အချို့သောပုဂ္ဂိုလ်များသည် ငွေကြေးကိုပျော်ရွှင်မှုအဖြစ်သို့ ပြောင်းလဲနိုင်အောင် စုဆောင်းကြ၏။ သို့ရာတွင် ပို၍လိမ်မာပါးနပ်သူများကမူ ပြန်လည်ဖြန့်ဝေပေးနိုင်အောင် ပျော်ရွှင်မှုကို ပွားများစေ၏။ ဖြန့်ဝေပြီးသည့်တိုင်အောင် ၎င်းတို့ထံ၌ အမြောက်အမြား ကျန်ရှိနေဆဲပင်ဖြစ်၏။

၁၉၃။ ပျော်ရွှင်မှုသည် အခြားပုဂ္ဂိုလ်များနှင့် ခွဲဝေခံစားခြင်းဖြင့် မူလအရှိကို လျော့နည်းမသွားစေဘဲ အမြောက်အမြား တိုးပွားလာစေနိုင်၏။ ဤအဖိုးတန်ပစ္စည်းသည် ပေးကမ်းခြင်းဖြင့် ပို၍တိုးပွားလာစေသည့် ပိုင်ဆိုင်မှုပစ္စည်းတစ်မျိုး ဖြစ်သည်။

၁၉၄။ အပြုံးပန်းတစ်ပွင့်သည် မပြောပလောက်သော်လည်း ကြီးမားသောရလဒ်ကို ဖြစ်ပေါ်စေနိုင်၏။ **

၁၉၅။ ပျော်ရွှင်မှုကို ပိုင်ဆိုင်ရယူထားခြင်းသက်သက်ထက် ပျော်ရွှင်အောင်ဆောင်ရွက်ခြင်းဖြင့် ရာတွေ့လေ့ရှိ၏။

၁၉၆။ ပျော်ရွှင်မှုကို အခြားတစ်ယောက်ထံမှ လုယက်ယူငင်၍မရနိုင်။ စီးပွားရေးလုံခြုံမှုသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

197. A smile helps one's looks and makes him feel better without cost.

198. Any person can be won by affection quicker than by hate.

199. You can laugh off worries that you can't scare off with a frown.

## HARMONY

200. There is harmony throughout the universe, in everything except human relationships.

201. Friction in machinery costs in terms of money. Friction in human relations impoverishes both the spirit and the purse of man.

202. If you cannot agree with another, you can at least refrain from quarreling with him on that account.

၁၉၇။ အပြုးပန်းတစ်ပွင့်က လူတစ်ယောက်၏ ရုပ်ရည်ရူပကာကို ပို၍ကြည့်ကောင်းလာစေသည်သာမက ငွေမကုန်ဘဲ ပို၍စိတ်ရွှင်လန်းစေ၏။ **

၁၉၈။ မုန်းတီးမှုထက် ချစ်ခင်မှုဖြင့် မည်သူ့ကိုမဆို ပို၍လျင်မြန်စွာ အနိုင်ရရှိနိုင်၏။

၁၉၉။ မျက်မှောင်ကုတ်ပြခြင်းဖြင့် ချောက်လှန့်၍မရနိုင်သော သောကများကို ရယ်မောခြင်းဖြင့် ပျောက်ကွယ်သွားစေနိုင်၏။

## သဟဇာတဖြစ်မှု

၂၀၀။ သဟဇာတဖြစ်မှုသည် လူသားအချင်းချင်း၏ ဆက်ဆံရေးဟူသမျှ၌ မရှိသော်လည်း ၎င်းသည် စကြဝဠာတန်တလျားတွင် အစစအရာရာ၌ တည်ရှိနေ၏။

၂၀၁။ စက်ပစ္စည်းများ၌ ပွတ်တိုက်စားမှုကြောင့် ငွေကြေးကုန်ကျစေ၏။ လူမှုဆက်ဆံရေးတွင် ပဋိပက္ခဖြစ်ပေါ်မှုက နေ့ဥစ္စာကိုသာမက စိတ်ဓာတ်ကိုပါ ပျက်စီးစေ၏။

၂၀၂။ အကယ်၍ သင်သည် အခြားတစ်ယောက်နှင့် သဘောမတူနိုင်စရာရှိပါက အနည်းဆုံး ထိုအချက်နှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်နှင့် ရန်မဖြစ်အောင် ရှောင်ရှားနိုင်ပါသည်။

203. There are three sides to most of your disagreements with others: your side, the other fellow's side, and the right side, which may be somewhere between the other two sides.

204. The man who inspires harmony in human relationships goes up: the man who stirs up friction goes down. The order is never reversed.

205. The loss caused by friction in human relationships, if it could be prevented, would make all men tax-free and pay for the world wars in a single year.

206. The most important job is that of learning how to negotiate with others without friction.

207. Remember it takes at least two people to carry on a quarrel.

208. Unlimited power may be available when two or more men coordinate their minds and deeds in a spirit of perfect harmony for the attainment of a definite purpose.

၂၀၃။ သင်နှင့် အခြားပုဂ္ဂိုလ်များ သဘောကွဲလွဲမှုအများစုတွင် ဘက်သုံးဘက်ရှိပါသည်။ သင့်ဘက်၊ သူ့ဘက်နှင့် မှန်ကန်သော ဘက်တို့ဖြစ်ကြ၏။ ထိုမှန်ကန်သောဘက်သည် အခြားဘက် နှစ်ဘက်၏ စပ်ကြား တစ်နေရာရာ၌ ရှိနိုင်၏။

၂၀၄။ လူသားအချင်းချင်း ဆက်ဆံရေးတွင် သဟဇာတဖြစ်အောင် စေ့ဆော်တိုက်တွန်းပေးလေ့ရှိသူသည် အထက်သို့တက်လေ့ရှိ၏။ အချင်းချင်း ပဋိပက္ခဖြစ်အောင် လှုံ့ဆော်ပေးသူသည် အောက်ဘက်သို့ ကျဆင်းရလေ့ရှိ၏။ ထိုအစီအစဉ်သည် မည်သည့်အခါတွင်မှ မပြောင်းလဲချေ။

၂၀၅။ လူသားအချင်းချင်းဆက်ဆံမှုတွင် ပဋိပက္ခဖြစ်မှုများကြောင့် ဆုံးရှုံးရမှုများကို ကြိုတင်ကာကွယ်နိုင်မည်ဆိုပါက လူသားအားလုံးကို အခွန်အခကင်းလွတ်စေပြီး ဖြစ်ပွားခဲ့သော ကမ္ဘာစစ်ကြီးများကြောင့်ကုန်ကျခဲ့သမျှကိုပါ တစ်နှစ်အတွင်း ပေးနိုင်ပါလိမ့်မည်။

၂၀၆။ ပဋိပက္ခမရှိ၊ သဘောကွဲလွဲမှုမရှိ စေ့စပ်ညှိနှိုင်းဟတ်အောင် သင်ယူခြင်းသည် အရေးအကြီးဆုံးအလုပ်ဖြစ်သည်။

၂၀၇။ ရန်ပွဲတစ်ခု ဆက်လက်ဖြစ်ပွားနေစေရန် အနည်းဆုံး လူနှစ်ယောက်ရှိဖို့လိုသည်ကို သတိရပါလေ။

၂၀၈။ လူနှစ်ယောက်(သို့) ထို့ထက်ပိုမိုသောပုဂ္ဂိုလ်များက တိကျသည့် ရည်ရွယ်ချက်တစ်ခု အောင်မြင်ရေးအတွက် ၎င်းတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်များကို ခြောက်ပြစ်ကင်းသဟဇာတဖြစ်အောင် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ကြမည်ဆိုပါက "အကြွင်းမဲ့စွမ်းအား" ကို ရရှိနိုင်ပေမည်။

209. Mutual confidence is the foundation of all satisfactory human relationships.

210. The man who creates good fellowship among men will never be short of friends.

211. The person who loves harmony usually knows how to maintain it.

212. All enduring success is founded upon harmonious human relationships.

213. If you must meddle in human relationships, try to be a peacemaker among men and you'll not find too much competition.

214. Anything that disturbs harmony among men is apt to have originated with those who profit by mistrust.

၂၀၉။ အပြန်အလှန် ယုံကြည်မှုရှိခြင်းသည် ကျေနပ်ဖွယ်ကောင်းသော လူသားအချင်းချင်း ဆက်ဆံရေးကောင်းမွန်မှု၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ *

၂၁၀။ လူအချင်းချင်း ကောင်းမွန်သော အပေါင်းအသင်းရောင်းရင်းများ ဖြစ်လာအောင် ဖန်တီးနိုင်သူသည် မည်သည့်အခါတွင်မျှ မိတ်ဆွေရှားပါးမည်မဟုတ်ချေ။ **

၂၁၁။ သဟဇာတဖြစ်မှုကို ချစ်မြတ်နိုးသူတစ်ဦးသည် သဟဇာတဖြစ်မှု တည်မြဲနေအောင် ထိန်းသိမ်းတတ်သူလည်း ဖြစ်လေ့ရှိသည်။

၂၁၂။ တည်တံ့ခိုင်မြဲသော အောင်မြင်မှုအားလုံးသည် သဟဇာတဖြစ်သော လူသားအချင်းချင်း ဆက်ဆံရေးအပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။

၂၁၃။ အကယ်၍ သင်သည် လူသားများ၏ဆက်ဆံရေး၌ ပါဝင်စွက်ဖက်ရတော့မည့်အခါမျိုးတွင် ငြိမ်းချမ်းရေးအတွက် ရင်ကြားစေ့ပေးသူ တစ်ဦးဖြစ်အောင် ကြိုးပမ်းမည်ဆိုပါလျှင် ယှဉ်ပြိုင်ဖက် အများအပြားကို သင် တွေ့ရလိမ့်မည်မဟုတ်ပါ။

၂၁၄။ လူသားအချင်းချင်း သဟဇာတဖြစ်မှုကို ပျက်ပြားစေသည့် ကိစ္စတိုင်းတွင် လူသားအချင်းချင်း သံသယဖြစ်ပေါ်လာမှုကြောင့် အမြတ်ထွက်လေ့ရှိသူများထံမှ အစပျိုးလေ့ရှိတတ်၏။

# HOPE AND ENCOURAGEMENT

215. If you look around, you can always find someone who is worse off than yourself. Be grateful you aren't in his shoes.

216. Time is the greatest of all doctors. If given a chance, it can cure most of the ills that men gripe about.

217. When things become so bad they cannot become worse, they usually begin to be better.

218.Hope and fear don't travel together.

219. When hope dies, opportunity seldom attends the funeral.

220. Opulence without effort is a hope without fulfillment.

221. Hope and faith are the two willing servants of successful men.

# မျှော်လင့်ချက် နှင့် အားပေးတိုက်တွန်းမှု

၂၁၅။ အကယ်၍ သင့်ဝန်းကျင်ကို ကြည့်လိုက်မည်ဆိုပါက သင့်ထက် အခြေအနေဆိုးဝါးနေသူတစ်ဦးဦးကို အမြဲတမ်းတွေ့နိုင်ပေသည်။ သူ့နေရာ၌ သင် ရောက်ရှိမနေသည်ကို ကျေနပ်ဝမ်းမြောက်ပါလေ။

၂၁၆။ အချိန်သည် သမားတော်အားလုံးအနက် အကောင်းဆုံးသမားတော်ဖြစ်သည်။ လူအများညည်းညူနေကြသော ဒုက္ခအများစုကို အချိန်ကကုစားပေးနိုင်သည်။

၂၁၇။ ဆိုးရွားသောဖြစ်ရပ်များသည် ပိုမိုဆိုးရွားလာရန်မဖြစ်နိုင်တော့သောအခါ ၎င်းတို့သည် ပြန်လည်ကောင်းမွန်လာလေ့ရှိကြသည်။ *

၂၁၈။ မျှော်လင့်ချက်နှင့် ကြောက်ရွံ့မှုတို့ကို အတူတွေ့ရလိမ့်မည်မဟုတ်။

၂၁၉။ မျှော်လင့်ချက် သေဆုံးသွားသောအခါ ထိုအသုဘကို အခွင့်အရေးက လိုက်ပို့လေ့မရှိချေ။ (မျှော်လင့်ချက်မဲ့ပါက အခွင့်အရေးလည်း ပျောက်သည်။) *

၂၂၀။ အားထုတ်မှုကင်းပြီး ချမ်းသာကြွယ်ဝလိုခြင်းသည် စွမ်းဆောင်ဖြည့်ဆည်းမှုမပါသည့် မျှော်လင့်ချက်ဖြစ်သည်။

၂၂၁။ အောင်မြင်သောပုဂ္ဂိုလ်များ၏ ကျိုးနွံသော တပည့်နှစ်ယောက်မှာ ယုံကြည်မှုနှင့် မျှော်လင့်ချက်တို့ပင်ဖြစ်ကြသည်။

# HUMAN RELATIONSHIPS

222. Jealousy is temporary insanity.

223. You can't be perfect but you can be honest.

224. The man who builds a house always gets more for his work than does the man who tears it down.

225. Harmony in human relationships is a man's greatest asset. Don't permit anyone to rob you of your share.

226. When you can't win, you can at least grin.

227. Revenge is a trait of the primitive man.

228. If you are looking for trouble, someone will be meddlesome enough to help you find it.

229. Begin looking for symptoms of illness and the disease itself will soon put in its appearance.

230. One bad habit often spoils a dozen good ones.

# လူသားအချင်းချင်းပေါင်းသင်းဆက်ဆံရေး

၂၂၂။ မနာလိုမှုသည် ယာယီရှုံးသွပ်သွားမှုပင်ဖြစ်သည်။

၂၂၃။ သင်သည်ခြောက်ပြစ်ကင်း သဲလဲစင်တစ်ဦးမဖြစ်နိုင်။ သို့ရာတွင် ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်နိုင်ပါသည်။

၂၂၄။ အိမ်တစ်လုံးကို တည်ဆောက်သူသည် ထိုအိမ်ကိုဖြိုချသူထက် အမြဲတမ်း ပိုမိုလက်ခရရှိ၏။

၂၂၅။ လူသားအချင်းချင်း ဆက်ဆံရေးတွင် သဟဇာတဖြစ်မှုသည် လူတစ်ယောက်၏ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှုပစ္စည်းဖြစ်သည်။ ၎င်းကို မည်သူကမှ လုယူမသွားပါစေနှင့်။

၂၂၆။ သင်က အနိုင်မရနိုင်သောအခါ အနည်းဆုံးပြုံးပြနိုင်ပါသည်။

၂၂၇။ လက်စားချေခြင်းသည် ရှေးဦးလူသားတို့၏ ညာဉ်ဆိုးဖြစ်သည်။

၂၂၈။ အကယ်၍ ပြဿနာရှာနေပါက နေရာတကာတွင် ဝင်ရောက်စွက်ဖက်တတ်သူတစ်ယောက်က သင့်ကို ကူညီပြီးရှာပေးပါလိမ့်မည်။

၂၂၉။ ရောဂါ၏ ဝေဒနာလက္ခဏာများကို စတင်၍ရှာဖွေလိုက်သည်နှင့် များမကြာမီ ထိုရောဂါကိုယ်တိုင် ကိုယ်ထင်ပြလာပါလိမ့်မည်။

၂၃၀။ အကျင့်ဆိုးတစ်ခုက အကျင့်ကောင်းတစ်ဆယ်ကျော်ကို ဖျက်ဆီးပစ်နိုင်၏။ **

231. Your reputation is made by others, your character by yourself.

232. Never mind what you have done in the past. What are you going to do in the future?

233. Discourtesy to a subordinate is a sure sign of an inferiority complex.

234. Ability is greater than money because it can be neither lost nor stolen.

235. Hatred and justice cannot occupy a small mind at the same time.

## IMAGINATION

236. The imagination is the workshop of the soul, where are shaped all the plans for individual achievement.

237. Your job will never be any bigger than your imagination makes it.

၂၃၁။ သင်၏ဂုဏ်သတင်းကို အခြားပုဂ္ဂိုလ်များက တည်ဆောက်ပေးကြခြင်းဖြစ်၏။ သင်၏အကျင့်စာရိတ္တကိုမူ သင်ကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်၏။ *

၂၃၂။ အတိတ်က ကိစ္စတွေအသာထားပြီး အနာဂတ်မှာ ဘာလုပ်မှာပါလဲ။

၂၃၃။ လက်အောက်ငယ်သားတစ်ယောက်ကို ရိုင်းစိုင်းစွာ ဆက်ဆံခြင်းသည် (မိမိ၌) သိမ်ငယ်စိတ်ရှိကြောင်း ပြသနေသည့် သေချာသော လက္ခဏာဖြစ်သည်။

၂၃၄။ စွမ်းဆောင်ရည်သည် ငွေကြေးထက်ပို၍(တန်ဖိုး) ကြီးမား၏။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုခိုးယူ၍လည်းမရ၊ ပျောက်ဆုံးသွားခြင်းလည်း မဖြစ်နိုင်သောကြောင့်ပင်။

၂၃၅။ မုန်းတီးမှုနှင့် တရားမျှတမှုတို့သည် ဆင်ခြင်ဉာဏ်ဦးနှောက်တွင် တစ်ချိန်တည်း၌ အတူတကွ မနေနိုင်ကြချေ။

# စိတ်ကူးနိုင်စွမ်းရှိမှု

၂၃၆။ စိတ်ကူးသည် ပုဂ္ဂလိကစွမ်းဆောင်အောင်မြင်မှုအတွက် စီမံချက်အားလုံးကို ထိုနေရာ၌ ပုံဖော်ပေးသောအလုပ်ရုံဖြစ်သည်။

၂၃၇။ သင်၏အလုပ်သည် သင်၏စိတ်ကူးက အကောင်အထည်ဖော်ပေးသည်ထက် မည်သည့်အခါတွင်မှ ပို၍ကြီးမားမည်မဟုတ်ချေ။

## IDEAS

238. Just omit your opinions and give me the facts so I may form my own opinions, and you may serve me better.

239. If you have a better way of doing anything, your idea may be worth a substantial fortune.

240. You don't have to do more than you are paid for, but you can push yourself ahead mighty fast by doing it voluntarily.

## LAW OF COMPENSATION

241. The man who does no more than he is paid for has no real basis for requesting more pay because he is already getting all he is earning.

## စိတ်ကူးများ

၂၃၈။ သင်၏ကိုယ်ပိုင် သဘောထားများကို ချန်ထားခဲ့ပြီး ကျွန်ုပ်အား အချက်အလက်များကိုသာ တင်ပြခြင်းဖြင့် ကျွန်ုပ်၏ကိုယ်ပိုင် အယူအဆများကို တည်ဆောက်နိုင်ပါလိမ့်မည်။ ဤနည်းက ကျွန်ုပ်ကို ပို၍အကျိုးပြုရာရောက်ပါမည်။

၂၃၉။ အကယ်၍ သင့်ထံတွင်ကိစ္စတစ်ခုကို ပို၍ကောင်းမွန်အောင် ဆောင်ရွက်နိုင်သောနည်းလမ်းရှိပါက သင်၏ စိတ်ကူးသည် ငွေကြေး အမြောက်အမြားထိုက်တန်ဖွယ်ရှိသည်။

၂၄၀။ သင့်ကို ပေးထားသောလုပ်ခထက် သင်ကပို၍အလုပ်လုပ်ရန် မလိုပါ။ သို့ရာတွင် ထိုအလုပ်ကို စေတနာပါပါ ဆောင်ရွက်ပေးခြင်း ဖြင့် မိမိကိုယ်ကို ရှေ့ဘက်သို့လျင်မြန်စွာ ရောက်ရှိသွားအောင် တွန်း ပို့ပေးနိုင်ပါသည်။

## လျော်ကြေးပေးသည့်ဥပဒေသ (ဝါ) အစားပေးနိယာမ

၂၄၁။ မိမိကိုပေးထားသော လုပ်ခလစာထက် ပို၍အလုပ်မလုပ်သူ တစ်ယောက်သည် လုပ်ခလစာတိုးပေးဖို့ တောင်းခံရန်အကြောင်းမရှိ ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ရသင့်ရထိုက်သော လုပ်ခ လစာကို ရနေပြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။

242. The man who does more than he is paid for is sooner or later paid willingly for more than he does.

243. Some men appear to be "allergic" to honest work, but opportunity is equally allergic to them.

244. The man who does his job precisely as he would do it if he owned the business for which he works may see the day when he will own that business or a better one.

245. Remember that most troubles men get into overtake them when they are in bad company or at places where they should not be.

246. Columbus didn't know where he was going when he started, didn't know where he was when he got there, nor where he had been when he returned; so his neighbors had him chained in prison on suspicion.

၂၄၂။ မိမိအားပေးသည့် လုပ်ခလစာထက် ပို၍အလုပ်လုပ်ပေးသူ တစ်ဦးသည် မိမိလုပ်အားထက်ပိုသည့် လုပ်ခလစာလိုလိုလားလား ပေးလာသည်ကို အနေးနှင့်အမြန် ကြုံရလိမ့်မည်။

၂၄၃။ အချို့သောပုဂ္ဂိုလ်များသည် ရိုးရိုးသားသားဆောင်ရွက်ရသော အလုပ်မျိုးနှင့်"ခတ်"မတည့်ဟန်ရှိကြသည်။ ထိုနည်းတူပင် အခွင့်အရေးကလည်း ၎င်းတို့နှင့် ခတ်မတည့်ပါ။

၂၄၄။ မိမိလုပ်ကိုင်နေသော အလုပ်ကို မိမိ၏ကိုယ်ပိုင်လုပ်ငန်းသာ ဖြစ်မည်ဆိုပါက ဆောင်ရွက်ရမည့် ပုံစံအတိုင်း အတိအကျဆောင်ရွက်လေ့ရှိသူတစ်ဦးသည် အဆိုပါလုပ်ငန်း သို့မဟုတ် ပို၍ကောင်းမွန်သော လုပ်ငန်းကို ပိုင်ဆိုင်သောနေ့သို့ ရောက်ရှိလာပါလိမ့်မည်။ **

၂၄၅။ လူသားများ ကြုံတွေ့ရသောပြဿနာအများစုမှာ ၎င်းတို့သည် မကောင်းသောအပေါင်းအသင်းများနှင့်အတူရှိနေချိန် သို့မဟုတ် ၎င်းတို့ ရှိမနေသင့်သောနေရာများ၌ ရှိနေချိန်တို့တွင် ကြုံတွေ့ရလေ့ ရှိကြောင်း သတိရပါလေ။ ***

၂၄၆။ ကိုလံဘတ်သည် ခရီးစတင်ထွက်စဉ်က သူဘယ်ဒေသသို့ သွားမည်ကို တိတိပပ မသိ၊ ရောက်ပြန်တော့လည်း ဘယ်ဒေသကို ရောက်မှန်းမသိသလို ဌာနေပြန်ရောက်ရတော့လည်း ဘယ်ဒေသသို့ သူရောက်ခဲ့သည်ကို မပြောနိုင်ချေ။ ထိုအခါပတ်ဝန်းကျင်က ၎င်းအား သံသယဝင်ကာ သံခြေချင်းခတ် ထောင်ချခံရသည်။

247. The man who deliberately gets in the way of opportunity by being on the job all the time sooner or later is crowned by opportunity.

248. Henry Ford became rich, not from the sale of Ford cars, but from the service he rendered through his cars.

249. Every time you influence another person to do a better job, you benefit him and increase your own value.

250. Do your job precisely as if you were your own boss, and sooner or later you will be!

251. The man who can give his employer a good reputation nearly always is given a good reputation by his employer.

252. Don't be satisfied with being good at your job. Be the best, and you'll soon be indispensable.

253. The law of compensation isn't always swift, but it is as sure of operation as the setting of the sun.

၂၄၇။ လူတစ်ယောက်သည် အခွင့်အရေးရှေ့တွင် တမင်လူလုံးပြသည့်အနေဖြင့် အလုပ်ခွင်၌ တစ်ချိန်လုံးရှိနေခဲ့မည်ဆိုပါက များမကြာမီ အခွင့်အရေးက ၎င်းအား သရဲဖူဆောင်းပေးပါလိမ့်မည်။

၂၄၈။ ဟင်နရီဖို့ဒ်သည် ဖို့ဒ်မော်တော်ကားများကို ရောင်းချရာမှ ချမ်းသာလာခြင်းမဟုတ်။ ၎င်း၏မော်တော်ကားများမှ တစ်ဆင့် သူပေးခဲ့သော ဝန်ဆောင်မှုများကြောင့် ချမ်းသာလာခြင်းဖြစ်သည်။

၂၄၉။ တစ်စုံတစ်ဦးအား သူ့အလုပ်ကိုပိုကောင်းအောင် ကူညီလုပ်ပေးနိုင်သည့်အခါတိုင်း သူ့ကိုအကျိုးပြုရာရောက်သလို မိမိ၏တန်ဖိုးလည်းတက်စမြဲဖြစ်၏။

၂၅၀။ မိမိအလုပ်ကို မိမိကိုယ်တိုင် အလုပ်ရှင်နေရာထား အလုပ်လုပ်မည်ဆိုလျှင် အနေးနှင့်အမြန် အလုပ်ရှင်ဖြစ်လာပါလိမ့်မည်။

၂၅၁။ အလုပ်ရှင်အား သိက္ခာတက်အောင် လုပ်ပေးနိုင်သူကိုအလုပ်ရှင်ကလည်း အမြဲလိုလိုသိက္ခာပြန်တင်ပေးပါလိမ့်မည်။

၂၅၂။ သင့်လုပ်ငန်းတွင် ကောင်းမွန်သည်ဆိုယုံမျှဖြင့် ကျေနပ်မနေပါနှင့်။ အကောင်းဆုံးဖြစ်ပါစေ။ ဤတွင် သင်သည် များမကြာမီ မရှိလျှင်မဖြစ်သော ပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မည်။

၂၅၃။ (လုံ့လစိုက်အနစ်နာခံပါက နစ်နာကြေးသဘောမျိုး ပြန်ရလေ့ရှိသည့်) အစားပေးနိယာမ၏ အကျိုးပေးပုံသည် အမြဲမမြန်တတ်ပါ၊ သို့သော် အကျိုးပေးမည်ကတော့ သေချာပါသည်။

254. First a man takes liquor or cigarettes of his own choice; then they take him with or without his choice.

255. Hurting another man's reputation will add nothing to your own, so why bother yourself without compensation?

256. The misfortune you wish for others may become the pattern of your own life.

257. Never bear down too hard on a man just because he is subject to your authority, for the order of the authority sometimes is reversed.

258. When you start giving out, you'll soon begin taking in.

259. If you have something you don't need, give it to someone who needs it. It will come back in one way or another.

၂၅၄။ အစပထမတွင် လူတစ်ယောက်သည် အရက် သို့မဟုတ် စီးကရက်တို့အနက် မိမိကြိုက်ရာကို ရွေးချယ်၍သုံးစွဲနိုင်၏။ ထို့နောက်တွင်ကား ၎င်း၏ရွေးချယ်မှုပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ထိုပစ္စည်းများက ၎င်းကိုအနိုင်ယူသွားလေ့ရှိကြ၏။

၂၅၅။ အခြားပုဂ္ဂိုလ်တစ်ယောက်၏ ဂုဏ်ကိုထိခိုက်စေမှုကြောင့် သင့်ဂုဏ်သိက္ခာတွင် တိုး၍ဂုဏ်တက်လာစရာ မရှိပါ။ ထို့ကြောင့် အကျိုးအမြတ်မရှိသည့် အလုပ်ကို မလုပ်ပါနှင့်။

၂၅၆။ အခြားပုဂ္ဂိုလ်များအား ဘေးဒုက္ခနှင့် ကြုံတွေ့စေလိုသည့် သင့်ဆန္ဒသည် သင့်ဘဝတွင် ထိုပုံစံမျိုးဖြစ်လာနိုင်သည်။ *

၂၅၇။လူတစ်ယောက်သည် သင်၏ ဩဇာအာဏာအောက်၌ ရှိနေသောကြောင့် ၎င်းကိုပြင်းပြင်းထန်ထန် မနှိပ်ကွပ်ပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ဩဇာအာဏာတို့၏ အနေအထားသည် တစ်ခါတစ်ရံတွင် ပြောင်းပြန်ဖြစ်သွားတတ်သည်။ **

၂၅၈။သင်က စတင်၍ပေးကမ်းစွန့်ကြဲလိုက်သည်နှင့် တစ်ပြိုင်နက်များမကြာမီ သင်ပြန်လည်၍ရရှိလာပါလိမ့်မည်။

၂၅၉။အကယ်၍ သင့်ထံ၌ အသုံးမလိုသောပစ္စည်း တစ်ခုခုရှိနေပါက အသုံးလိုနေသူထံ ပေးအပ်လိုက်ပါ။ ၎င်းလုပ်ဆောင်ချက်ကြောင့် တစ်နည်းနည်းဖြင့် သင့်ထံသို့ တုံ့ပြန်မှုရှိလာပါလိမ့်မည်။

## LEARNING FROM ADVERSITY

260. Before opportunity crowns a man with great success, it usually tests him out through adversity to see what sort of mettle he is made of.

261. If you don't want your life to be "messed up," don't fool around with those who have messed up theirs.

262. When adversity overtakes you, it will pay you to be thankful it was not worse instead of worrying over your misfortune.

263. You never know who are your real friends until adversity overtakes you and you need financial cooperation.

264. If life hands you a lemon, don't complain, but convert it into lemonade and sell it to those who are thirsty from griping.

# အခက်အခဲများမှ လေ့လာသင်ယူမှု

၂၆၀။ အခွင့်အလမ်းက လူတစ်ယောက်အား ကြီးမားသော အောင်မြင်မှုဖြင့် သရဖူဆောင်းမပေးမီ ထိုပုဂ္ဂိုလ်သည် မည်ကဲ့သို့သော သတ္တိသွေးရှိသူဖြစ်ကြောင်း သိရလေအောင် ၎င်းကိုအခက်အခဲများဖြင့် စမ်းသပ်ကြည့်လေ့ရှိ၏။

၂၆၁။ အကယ်၍ သင့်ဘဝကို ကမောက်ကမ ဖြစ်မသွားစေလိုပါက မိမိတို့၏ ဘဝများကို ကမောက်ကမဖြစ်အောင် ပြုလုပ်ထားကြသူများနှင့် အပေါင်းအသင်း မလုပ်ပါနှင့်။

၂၆၂။ အခက်အခဲများနှင့် ကြုံတွေ့နေရသည့်အခါ သင်၏ကံဆိုးမှုကို သောကပွားနေမည့်အစား ထိုကိစ္စပို၍ဆိုးရွားမလာသည့်အတွက် ကျေးဇူးတင်လိုက်ခြင်းက သင့်အတွက် အကျိုးရှိပါလိမ့်မည်။

၂၆၃။ သင်အခက်အခဲနှင့် ကြုံတွေ့နေရချိန်နှင့် ငွေကြေးအကူအညီလိုအပ်နေသည့်အချိန်ကျမှသာ မည်သူတို့သည် စစ်မှန်သော မိတ်ဆွေများဖြစ်ကြောင်း သိနိုင်ပါလိမ့်မည်။ ***

၂၆၄။ အကယ်၍ ဘဝက သင့်ကို သံပရိုသီးတစ်လုံးပေးလာပါက ကန့်ကွက်ညည်းညူမနေပါနှင့်။ ၎င်းကို သံပုရာဖျော်ရည်ပြုလုပ်ပြီး ညည်းညူကာ ရေငတ်နေသူများကို ရောင်းချလိုက်ပါ။

## LIBERTY AND FREEDOM

265. No man is free until he learns to do his own thinking and gains the courage to act on his own personal initiative.

266. No man is free who holds a grudge against another, for he is under bond to his own emotions.

267. No man can be entirely free until he is entirely honest with himself.

## LOVE

268. There is something good about any man who is loved by his dog and his family, for they know as he is.

269. Only one thing will attract love, and that is love.

270. Love, courtesy, and friendship are three priceless assets that cannot be purchased with money, and must be given away before they are valid.

## လွတ်လပ်ရေး နှင့် လွတ်လပ်ခွင့်

၂၆၅။ မည်သူဖြစ်စေ ၎င်းကိုယ်တိုင် တွေးတောနိုင်စွမ်းရှိလာပြီး မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ဆောင်ရွက်နိုင်သော သတ္တိကိုရရှိလာမှသာ လွတ်လပ်မည်ဖြစ်သည်။

၂၆၆။ မည်သူဖြစ်စေ အခြားတစ်ဦးတစ်ယောက်အပေါ် မလိုမုန်းတီးမှု ဖြစ်နေသူသည် မလွတ်လပ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် မိမိ၏ စိတ်လှုပ်ရှားမှုများကို ချည်နှောင်ခြင်းခံလိုက်ရသောကြောင့် ဖြစ်သည်။

၂၆၇။ လူတစ်ယောက်သည် မိမိနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့တွင် ရိုးသားဖြောင့်မတ်သည့် အခါတွင်မှသာ လုံးဝဥဿုံ လွတ်လပ်နိုင်မည် ဖြစ်သည်။

## ချစ်ခြင်းမေတ္တာ

၂၆၈။ အိမ်၌မွေးထားသည့် ခွေးနှင့်မိသားစုက ချစ်မြတ်နိုးသူအမျိုးသားတွင် ကောင်းကွက်ရှိနိုင်သည်။ ခွေးနှင့်မိသားစုတို့မှာ သူ၏ပင်ကိုသဘာဝကို အတွင်းသိ သိကြသောကြောင့်ဖြစ်သည်။

၂၆၉။ ချစ်ခြင်းမေတ္တာကို ချစ်ခြင်းမေတ္တာ တစ်ခုတည်းကသာ ဆွဲဆောင်နိုင်စွမ်းရှိ၏။

၂၇၀။ ချစ်ခြင်းမေတ္တာ၊ ယဉ်ကျေးမွန်ရည်မှုနှင့် အဆွေခင်ပွန်းဖြစ်မှုတို့သည် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်ပိုင်ဆိုင်မှု ပစ္စည်းများဖြစ်ကြပြီး ငွေကြေးဖြင့်ဝယ်ယူ၍ မရနိုင်ပါ။ မျက်နှာမလိုက်၊ အချိန်မဆွဲဘဲ ၎င်းတို့ကို ပေးကမ်းစွန့်ကြဲပေးရပါမည်။

271. Poets may rave about "love in a cottage" but others know that love goes out the back door when poverty knocks at the front door.

## LOYALTY

272. Two things money cannot buy are love and friendship. These are gifts of the gods and have no fixed price.

273. One great lesson to be learned from a dog is that of enduring loyalty.

274. The truly great man is a servant—not a master.

275. The dog that doesn't wag its tail when its master comes home had better be looking for another master.

276. In heaven's name; don't bite the hand that feeds you.

၂၇၁။ ကဗျာဆရာများသည် တဲအိုပျက်ထဲက ချစ်မေတ္တာအကြောင်း အားရပါးရစပ်ဆိုလေ့ရှိကြ၏။ သို့ရာတွင် ဆင်းရဲမွဲတေမှုက အိမ်ရှေ့ တံခါးကို လာခေါက်သည့်အခါ အချစ်ဆိုသောအရာသည် နောက်ဖေး ပေါက်မှ ထွက်သွားကြောင်း အခြားပုဂ္ဂိုလ်များက သိကြပါ၏။

## သစ္စာရှိမှု

၂၇၂။ ငွေကြေးဖြင့်ဝယ်ယူ၍ မရနိုင်သော အရာနှစ်ခုမှာ ချစ်ခြင်း မေတ္တာနှင့် အဆွေခင်ပွန်းဖြစ်မှုတို့ပင်ဖြစ်ကြ၏။ ၎င်းတို့သည် ဘုရား သခင်ထံမှ လက်ဆောင်များဖြစ်ကြပြီး တန်ဖိုးသတ်မှတ်ချက် မရှိပါ။

၂၇၃။ ခွေးတစ်ကောင်ထံမှ လေ့လာသင်ယူရမည့် ကြီးမားသော သင်ခန်းစာမှာ ခိုင်မြဲသော သစ္စာရှိမှုပင်ဖြစ်သည်။

၂၇၄။ စစ်မှန်သော ကြီးမြတ်သူတစ်ယောက်သည် ဝန်ဆောင်မှုပေးကာ အလုပ်အကျွေးပြုသူ တစ်ယောက်သာဖြစ်သည်။ အရှင်သခင်တစ် ယောက် မဟုတ်ချေ။

၂၇၅။ သခင်ဖြစ်သူ နေအိမ်သို့ ပြန်လာချိန်တွင် အမြီးမနှံ့သော ခွေးသည် သခင်သစ်ကို ရှာသင့်ပါသည်။

၂၇၆။ သင့်အားအစားအစာကျွေးမွေးသူကို ကျေးဇူးမကန်းပါနှင့်။

# MASTERMIND

277. The mind grows only through use, and it atrophies through idleness.

278. A man is no greater than the thoughts that dominate his mind.

279. A closed mind stumbles over the blessings of life without recognizing them.

280. Take possession of your own mind, and you may soon make life pay off on your terms.

281. Remember that the mind grows strong through use. Struggle makes power.

282. Beware of the man who tries to poison your mind against another under a pretense of helping you. The chances are a thousand to one he is trying to help himself.

283. The keenest minds are those which have been whetted most by practical experience.

# ကြိုးကိုင်ချယ်လှယ်သူ

၂၇၇။ "စိတ်"ကို အသုံးချသည့်အခါကျမှသာ စိတ်သည်ကြီးထွား လာလေ့ရှိ၏။ အသုံးမချပါက သေးငယ်သွားတတ်၏။

၂၇၈။မိမိ၏စိတ်ကို လွှမ်းမိုးနေသော အတွေးများထက် မည်သူမျှ ပို၍မကြီးမားနိုင်။

၂၇၉။ စိတ်ကူးစိတ်သန်း အသစ်အဆန်းများကို လက်မခံသော စိတ်သည် ဘဝ၏ကောင်းကွက်များကို ခလုတ်တိုက်မိသော်လည်း သတိမထားမိတတ်ချေ။

၂၈၀။သင်၏စိတ်ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်နိုင်မည်ဆိုပါက သင့် ဘဝသည် သင့်အလိုကျအတိုင်း ဖြစ်လာပါလိမ့်မည်။

၂၈၁။ စိတ်ကိုအသုံးပြုပေးမှသာ ကြံ့ခိုင်သန်စွမ်းလာမည်ကို သတိ ပြုပါ။ *ရှန်းကန်လှုပ်ရှားမှုက ခွန်အားကိုဖြစ်စေ၏။*

၂၈၂။သင့်ကို ကူညီသည့်ဟန်ဖြင့် အခြားတစ်ယောက်ဒုက္ခရောက်ဖို့ သင့်စိတ်တွင် အဆိပ်ခတ်ရန်(ဂုံးချောရန်)ကြိုးစားနေသူ တစ်ယောက်ကို သတိထားပါ။ အများဆုံးဖြစ်နိုင်သည့်ကိစ္စမှာ ၎င်း၏ကိုယ်ကျိုးအတွက် ကြိုးပမ်းနေခြင်းသာဖြစ်သည်။

၂၈၃။အလွန်စူးရှပြီး အထက်မြက်ဆုံးစိတ်သည် လက်တွေ့ကျသော အတွေ့အကြုံများတွင် (ဓားသွေးကျောက်တွင်သွေးသလို) အများဆုံး အသွေးခံထားရသော စိတ်ပင်ဖြစ်သည်။

284. A quick decision usually denotes an alert mind.

285. Control your own mind, and you may never be controlled by the mind of another.

286. No one can make you angry unless you open the door of your mind to him.

287. A man's progress in life begins in his own mind and ends in the same place.

288. Your real boss is the one who walks around under your hat.

289. The mind serves best which is used most.

290. Know your own mind and you will be as wise as the sages.

291. Your mind is your own, and so is the responsibility as to how you use it.

292. If you know your own mind, you know enough to keep it always positive.

၂၈၄။ လျှင်မြန်စွာချမှတ်သော ဆုံးဖြတ်ချက်သည် နှိုးကြားနေသော စိတ်ကို အမြဲလိုလို ဖော်ညွှန်းနေလေ့ရှိသည်။

၂၈၅။ သင်၏ စိတ်ကိုထိန်းချုပ်ပါ။ ဤတွင် သင်သည် အခြားပုဂ္ဂိုလ်တစ်ဦး၏စိတ်က ထိန်းချုပ်မှုကို မည်သည့်အခါတွင်မှ ခံရလိမ့်မည်မဟုတ်ချေ။

၂၈၆။သင်၏ စိတ်တံခါးပေါက်ကို အခြားတစ်ယောက်ယောက်အားဖွင့်မပြလိုက်သရွေ့ မည်သူကမျှ သင့်ကိုစိတ်ဆိုးအောင် ပြုလုပ်နိုင်မည်မဟုတ်ချေ။

၂၈၇။ လူတစ်ယောက်၏ဘဝတိုးတက်မှုသည် ၎င်း၏စိတ်ထဲမှသာ အစပြုလေ့ရှိပြီး ထိုနေရာ၌ပင် အဆုံးသတ်လေ့ရှိသည်။

၂၈၈။ စစ်မှန်သော ဆရာသမားသည် သင်ကိုယ်တိုင်ပင် ဖြစ်သည်။

၂၈၉။အများဆုံး အသုံးပြုခံရသောစိတ်က ဝန်ဆောင်မှုအကောင်းဆုံးပေးလေ့ရှိသည်။

၂၉၀။ သင့်စိတ်ကို သင်သိပါက သင်သည် ပညာရှိပဏ္ဍိတများကဲ့သို့ပင် အမြော်အမြင်ရှိလာပေလိမ့်မည်။

၂၉၁။ သင့်စိတ်ကို သင်ကပိုင်ဆိုင်သည်။ ထို့ကြောင့် ၎င်းအားအသုံးပြုပုံပြုနည်းအတွက် သင့်တွင်တာဝန်ရှိသည်။

၂၉၂။ အကယ်၍ သင့်စိတ်ကို သင်သိသည်ဆိုပါက သင့်စိတ်ကို အမြဲတမ်း အကောင်းမြင် အပြုသဘောဆောင်နေအောင် ထားရှိသင့်ကြောင်း သင်သိပါလိမ့်မည်။

# MENTAL ATTITUDE

293. The quality and quantity of the service you render, plus the mental attitude in which you render it, determines mines the amount of pay you get and the sort of job you hold.

294. The man with a negative mental attitude attracts troubles as an electromagnet attracts steel filings.

295. If you are worried or afraid of anything, there is something in your mental attitude that needs correction.

296. Remember that no one is ever rewarded or promoted because of a bad disposition and a negative attitude.

297. Quick promotions are not always the most enduring.

298. Trying to get without first giving is as fruitless as trying to reap without having sown.

299. No man is ever rewarded by promotion because of a negative mental attitude.

# စိတ်နေသဘောထား

၂၉၃။ သင်ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှု အရည်အသွေး၊ ဝန်ဆောင်မှုပမာဏ၊ ထို့အပြင် သင်ဆောင်ရွက်နေစဉ် ထားရှိသော စိတ်နေသဘောထားတို့က သင်ရရှိနေသော လုပ်ခလစာပမာဏနှင့် သင်ရရှိထားသော အလုပ်အမျိုးအစားတို့ကို အဆုံးအဖြတ်ပေးသည်။

၂၉၄။ လျှပ်စစ်သံလိုက်တစ်ခုက သံမှုန့်ကလေးများကို ဆွဲဆောင်သကဲ့သို့ အပျက်သဘောဆောင်သည့် အဆိုးမြင်စိတ်နေသဘောထားရှိသူတစ်ယောက်က ပြဿနာများကို ဖိတ်ခေါ်နေလေ့ရှိသည်။

၂၉၅။ အကယ်၍ သင်သည် ကိစ္စတစ်ခုခုကို သောကဖြစ်နေသည် သို့မဟုတ် စိုးရွံ့နေသည်ဆိုပါက သင်၏စိတ်နေစိတ်ထား၌ ကုစားပေးဖို့လိုအပ်နေလေပြီ။

၂၉၆။ ဆိုးရွားသောပင်ကိုစရိုက်နှင့် စိတ်ထားတို့ကြောင့် မည်သူမျှဆုချီးမြှင့်ခံရမှု သို့မဟုတ် ရာထူးတိုးမြှင့်ခံရမှုတို့ မရှိကြောင်း သတိရပါလေ။

၂၉၇။ လျင်မြန်စွာရာထူးတက်မှုများသည် တာရှည်ခံလေ့မရှိကြချေ။

၂၉၈။ မိမိက ဦးစွာပေးအပ်ခြင်းမပြုဘဲ ရယူရန်ကြိုးစားမှုသည် မစိုက်ပျိုးဘဲ ရိတ်သိမ်းရန်ကြိုးစားနေသကဲ့သို့ အချည်းနှီးပင်ဖြစ်သည်။

၂၉၉။ အဖျက်စိတ်ထားကြောင့် ရာထူးတိုးမြှင့် ခံရသူမရှိ။ ***

300. It is better to imitate a successful man than to envy him.

301. It is always safe to talk about other men as long as you speak of their good qualities.

302. You either ride life or it rides you. Your mental attitude determines who is rider and who is "horse."

303. Instead of complaining of that which you don't like about your job, start commending that which you do like and see how quickly your job will improve.

304. Sometimes it is wiser to join forces with an opponent than it is to fight him.

305. No man could ride a horse if the horse discovered its real strength. Ditto for a man.

၃၀၀။ အောင်မြင်သူ တစ်ယောက်အား မနာလိုဖြစ်မည့်အစား အတုခိုးခြင်းက ပိုကောင်းသည်။ **

၃၀၁။ အကယ်၍ အခြားပုဂ္ဂိုလ်များ၏ ကောင်းမွန်သော အရည်အသွေးများကိုသာ သင်ပြောဆိုနေမည်ဆိုပါက သင်ပြောသမျှသည် အမြဲလိုပင် အန္တရာယ်ကင်းနေပါလိမ့်မည်။ *

၃၀၂။ သင်သည် ဘဝကို စီးနင်းနေသူမဟုတ်ပါက အစီးခံနေရသူသာ ဖြစ်ပါလိမ့်မည်။ သင်၏စိတ်နေစိတ်ထားက မည်သူကစီးသူ ဂျော်ကီဖြစ်ပြီး မည်သူက မြင်းဖြစ်ကြောင်း အဆုံးအဖြတ် ပေးလေ့ရှိသည်။

၃၀၃။ သင့်အလုပ်နှင့်ပတ်သက်၍ သင်မကြိုက်သောအချက်များကို မကျေမနပ် ပြောဆိုနေမည့်အစား သင်ကြိုက်နှစ်သက်သည့် အချက်များကို စတင်၍ချီးကျူးစကား ပြောဆိုမည်ဆိုပါက သင့်အလုပ်သည် လျင်မြန်စွာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပါလိမ့်မည်။

၃၀၄။ တစ်ခါတစ်ရံတွင် မိမိအားဆန့်ကျင်နေသူတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေမည့်အစား ၎င်းနှင့်ပူးပေါင်းလိုက်ခြင်းက ပို၍ အမြော်အမြင်ရှိရာရောက်သည်။ *

၃၀၅။ အကယ်၍ မြင်းတစ်ကောင်သည် ၎င်း၏ ခွန်အားအစစ်အမှန်ကို သိရှိသွားမည်ဆိုပါက မည်သည့်ပုဂ္ဂိုလ်ကမှ ထိုမြင်းကိုစီးနင်းနိုင်လိမ့်မည် မဟုတ်ပါ။ လူတစ်ယောက်သည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

306. The man who has more enemies than friends needs to examine his own mental attitude.

307. Your mental attitude determines the sort of friends you attract.

308. Before trying to master others, be sure you are the master of yourself.

309. It isn't defeat; it's your mental attitude toward it that whips you.

310. If you haven't the will power to keep your physical body in repair, you lack, also, the power of will to maintain a positive mental attitude in other important circumstances that control your life.

311. A man's best recommendation is that which he gives himself by rendering superior service, in the right mental attitude.

312. Character is accurately reflected in one's mental attitude.

313. A negative mind spawns only negative ideas.

314. It doesn't pay to look at others through a foggy mental attitude.

315. Remember your mental limitations are of your own making.

316. If you are sure you are right, you need not worry about what the world thinks.

317. Most illness begins with a negative mind.

318. Men with positive mental attitudes are never found in a rut.

## MENTAL ATTITUDE AND THE MIND

319. No one has yet discovered the limitations of the power of his own mind.

320. Good manners begin with a positive mental attitude.

၃၁၃။ အဆိုးမြင်သည့် အဖျက်စိတ်ထားသည် မကောင်းသော စိတ်ကူး စိတ်သန်းများကိုသာ ပေါက်ဖွားစေသည်။

၃၁၄။အခြားပုဂ္ဂိုလ်များကို ဇဝေဇဝါစိတ်နေစိတ်ထားဖြင့် ကြည့်ခြင်းသည် အကျိုးမရှိပါ။

၃၁၅။ သင်၏ စိတ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များသည် မည်သူ့မပြု မိမိမှုပင်ဖြစ်ကြောင်း သတိရပါလေ။

၃၁၆။ အကယ်၍ သင့်ဘက်က မှန်ကန်ကြောင်း သေချာပါက တစ်ကမ္ဘာလုံး၏ တွေးတောယူဆချက်များးကို သောကဖြစ်နေရန် မလိုပါ။

၃၁၇။ ဝေဒနာအများစုသည် အပျက်သဘောဆောင်သည့် အဖျက်စိတ်ထားမှ အစပြုခြင်းဖြစ်သည်။

၃၁၈။ အကောင်းမြင် အပြုစိတ်ထားရှိသူများကို မည်သည့်အခါမျှ နိမ့်ကျသော နေရာများတွင် တွေ့ရလိမ့်မည်မဟုတ်ချေ။ ***

## စိတ်နေသဘောထားနှင့် စိတ်

၃၁၉။ ယခုအချိန်အထိ မည်သူမျှ မိမိစိတ်ဓာတ်ခွန်အား၏ အကန့်အသတ်ကို ရှာဖွေ၍မတွေ့ကြသေးချေ။

၃၂၀။ ကောင်းမွန်သော အမှုအရာများသည် အကောင်းမြင် အပြုစိတ်ထားမှ စတင်ပေသည်။ **

321. A negative mind never attracts happiness or material success, but it will attract their opposites.

322. Every brain is both a broadcasting station and a receiving station for the vibrations of thought.

323. Look for the good in others and they will look for the good in you. Ditto for the "bad."

324. Your mind belongs to you exclusively. Take possession of it, direct it to specific usage, and make life pay off on your terms.

325. A man's likes and dislikes come back to him from unexpected sources and often greatly multiplied.

326. If your mind can make you sick—and it can—remember it also can make you well.

327. One optimist may wield more constructive influence than a thousand pessimists.

၃၂၁။ အဆိုးမြင် အဖျက်စိတ်သည် ပျော်ရွှင်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှုများကို ဘယ်တော့မျှ ဖိတ်ခေါ်ဆွဲဆောင်လေ့မရှိဘဲ ၎င်းတို့၏ ဆန့်ကျင်ဘက်များကို ဆွဲဆောင်လိမ့်မည်။

၃၂၂။ ဦးနှောက်တိုင်းသည် အတွေးများ၏ တုန်ခါမှုများကို လွှင့်ထုတ်ရာနှင့်လက်ခံဖမ်းယူရာ စက်ရုံကဲ့သို့ ဖြစ်သည်။

၃၂၃။ အခြားပုဂ္ဂိုလ်များ၏ ကောင်းကွက်များကိုသာ သင်ကရှာဖွေနေပါက ၎င်းတို့ကလည်း သင်၏ကောင်းကွက်များကို ရှာဖွေကြပေလိမ့်မည်။ အဆိုးနှင့်ပတ်သက်ပါကလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

၃၂၄။ သင်၏စိတ်ကို သင်တစ်ဦးတည်းကသာ ပိုင်ဆိုင်သည်။ ကောင်းစွာရယူပိုင်ဆိုင်ပါ။ တိတိကျကျသုံးစွဲပါ။ ထို့နောက်သင့်ဘဝကို သင်ဖြစ်စေလိုသည့် ပုံစံအတိုင်းဖြစ်လာပါစေ။

၃၂၅။ လူတစ်ယောက်၏ နှစ်ခြိုက်မှုနှင့် မနှစ်ခြိုက်မှုများသည် ၎င်းမမျှော်လင့်သော နေရာများမှ ၎င်းထံသို့ ပြန်ရောက်လာတတ်ကြသည်။ အဆပေါင်းမြောက်မြားစွာလည်း များပြားနေတတ်သည်။

၃၂၆။ အကယ်၍ စိတ်ထောင်းကိုယ်ကျေဖြစ်နိုင်သည်ဆိုပါလျှင် ထိုစိတ်က သင့်ကိုကျန်းမာစေနိုင်သည်ကိုလည်း သတိရပါလေ။

၃၂၇။ အကောင်းမြင်ဝါဒီတစ်ယောက်သည် အဆိုးမြင်ဝါဒီ အယောက် ၁၀၀၀ ထက် အပြုသဘောဆောင်သည့် ဩဇာတိက္ကမဖြင့် ပို၍လွှမ်းမိုးနိုင်စွမ်းရှိ၏။

328. Unfed worry soon dies of starvation.

329. Your true age is determined by your mental attitude, not the years that you have lived.

330. Your mind is the only thing you control exclusively. Don't give it away too freely through useless arguments.

331. A bad disposition is like yeast. It makes everyone "sour" who comes near it.

332. Chickens come home to roost and so do men's thoughts, so be careful what sort of thoughts you send out.

333. A man is more apt to "rust" out his brain from disuse than he is to wear it out from use.

334. A young mind makes a young body.

335. A well-disciplined mind works while the physical body sleeps.

၃၂၈။ လက်ခံကျေးမွေးထားခြင်း မရှိသော 'သောက'သည် များမကြာမီ အစာငတ်ပြီး သေဆုံးသွားလိမ့်မည်။

၃၂၉။ သင်၏ အသက်အမှန်ကို သင်၏စိတ်နေသဘောထားကသာ ပြဋ္ဌာန်း၏။ သင် အသက်ရှင်နေထိုင်ခဲ့သော နှစ်ကာလများနှင့် မဆိုင်ချေ။

၃၃၀။ သင့်စိတ်သည် သင်တစ်ဦးတည်းကသာ ထိန်းချုပ်ထားသည့် တစ်ခုတည်းသော ပစ္စည်းဖြစ်သည်။ အသုံးမကျသော ငြင်းခုံမှုများဖြင့် အလွယ်တကူ ပေးကမ်းမပစ်ပါနှင့်။

၃၃၁။ ဆိုးရွားသော ပင်ကိုစရိုက်သည် "တဆေး"နှင့်တူ၏။ သူ့အနီးသို့ရောက်လာသမျှကို ချဉ်သွားစေလေ့ရှိ၏။

၃၃၂။ ကြက်များသည် အိပ်တန်းတက်ရန် နေအိမ်သို့ပြန်လာလေ့ရှိ၏။ လူတို့၏ အတွေးများသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ ထို့ကြောင့် သင်ထုတ်လွှင့်လိုက်သော အတွေးအမျိုးအစားနှင့် ပတ်သက်၍ သတိထားပါလေ။

၃၃၃။ လူတစ်ယောက်သည် ဦးနှောက်ကို အသုံးပြုမှုကြောင့် ယိုယွင်းပျက်စီးသွားစေမည့်အစား အသုံးမပြုမှုကြောင့် သံချေးတက်ဖွယ်ရှိ၏။

၃၃၄။ စိတ်ပျိုကာကိုယ်နု၏။

၃၃၅။ ခန္ဓာကိုယ်ကြီးက အိပ်စက်နေသည့်တိုင်အောင် စနစ်တကျ လေ့ကျင့်ထားသော စိတ်က အလုပ်လုပ်နေလေ့ရှိ၏။

336. Your own mental attitude is your real boss.

337. Self-praise usually is a definite indication of an inferiority complex.

338. A sick mind is more dangerous than a sick body, for it is a form of sickness which is always contagious.

339. Some people are never free from troubles, mainly because they keep their minds attuned to worry. The mind attracts that which it dwells upon.

340. Change your mental attitude and the world around you will change accordingly.

341. A positive mind finds a way it can be done. A negative mind looks for all the ways it can't be done.

342. The mind is filled with mental dynamite. Be careful how you touch it off.

၃၃၆။ သင်၏ကိုယ်ပိုင် စိတ်နေသဘောထားသည် သင်၏ ဆရာသမား အစစ်ပင်ဖြစ်သည်။

၃၃၇။ မိမိကိုယ်ကို ချီးမွမ်းခြင်းသည် အများအားဖြင့် သိမ်ငယ်စိတ် ရှိကြောင်း သေချာသောအညွှန်းဖြစ်လေ့ရှိ၏။

၃၃၈။ မကျန်းမာသောစိတ်သည် မကျန်းမာသောခန္ဓာကိုယ်ထက် အန္တရာယ်ကြီးမား၏။ အဘယ်ကြောင့်ဆိုသော် အဆိုပါမကျန်းမာမှု ပုံစံသည် ကူးစက်တတ်သောကြောင့်ပင်ဖြစ်သည်။

၃၃၉။ အချို့သောပုဂ္ဂိုလ်များသည် မည်သည့်အခါတွင်မှ ဒုက္ခနှင့် ကင်းလွတ်လေ့မရှိချေ။ အဘယ်ကြောင့်ဆိုသော် အဓိကအချက်မှာ ၎င်းတို့တွင်သောကနှင့် သဟဇာတဖြစ်နေလေ့ ရှိသောကြောင့်ဖြစ်၏။ စိတ်သည် ၎င်းထံ ရောက်လာသူကို ဆွဲဆောင်ထားလေ့ရှိ၏။

၃၄၀။ သင်၏ စိတ်နေသဘောထားကို ပြုပြင်ပြောင်းလဲလိုက်ပါ။ သင့်ပတ်ဝန်းကျင်ကမ္ဘာသည်လည်း လိုက်လျောညီထွေ ပြောင်းလဲလာပါ လိမ့်မည်။ **

၃၄၁။ အပြုသဘောဆောင်သည့်စိတ်က ဆောင်ရွက်၍ရနိုင်မည့် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိလေ့ရှိ၏။ အဖျက်သဘောဆောင်သည့် စိတ်က ဆောင်ရွက်၍မရနိုင်သည့် နည်းလမ်းအားလုံးကို လိုက်လံ ရှာဖွေလေ့ရှိ၏။ **

၃၄၂။ စိတ်တွင် စိတ်ပိုင်းဆိုင်ရာ ယမ်းဘီးလူးများဖြင့် ပြည့်နှက်နေ၏။ သင်က ကိုင်တွယ်ရာတွင် ပေါက်ကွဲမသွားအောင် သတိပြုပါလေ။

343. When you close the door of your mind to negative thoughts, the door of opportunity opens to you.

344. Your mental attitude is the most dependable key to your personality.

345. You can't control other men's acts, but you can control your mental reaction to their acts, and that is what counts most to you.

346. You can think your way into or out of almost any circumstance, good or bad.

347. Most stumbling blocks are the handiwork of a negative mind.

348.. You can always see in other people whatever traits of character you are looking for.

349. There has always been a shortage of men who get the job done on time without excuses or grumbling.

၃၄၃။ အဖျက်သဘောဆောင်သည့် အတွေးများဝင်မလာနိုင်အောင် သင့်စိတ်တံခါးကို ပိတ်ထားလိုက်မည်ဆိုပါက အခွင့်အလမ်းတည်းဟူသော တံခါးပေါက်သည် သင့်အတွက် ပွင့်လာပါလိမ့်မည်။

၃၄၄။ သင်၏ စိတ်နေသဘောထားသည် သင်၏ဉပမိရပ်ကောင်းရန်အတွက် အများဆုံးအားကိုးအားထားပြုနိုင်သောက်သည့် သော့ချက်ပင်ဖြစ်သည်။

၃၄၅။ သင်သည် အခြားပုဂ္ဂိုလ်များ၏ ပြုမူဆောင်ရွက်ချက်များကို ထိန်းချုပ်နိုင်စွမ်းမရှိပါ။ သို့ရာတွင် သူတို့၏ ပြုမူဆောင်ရွက်ချက်များအပေါ် သင်၏စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်ချက်များကိုမူ ထိန်းချုပ်နိုင်စွမ်းရှိပါသည်။ ထိုအချက်သည် သင့်အတွက်အများဆုံး အရေးပါသောအချက်ဖြစ်သည်။

၃၄၆။ သင်သည် ကောင်းကောင်းဆိုးဆိုး အခြေအနေအားလုံးလိုလိုတွင် ဝင်နိုင်(သို့မဟုတ်) ထွက်နိုင်သည့်နည်းကို စဉ်စားဒတွေးတော၍ ရနိုင်ပါသည်။ **

၃၄၇။ ခလုတ်တံသင်းအများစုသည် အဖျက်စိတ်၏ လက်ရာပင်ဖြစ်သည်။ *

၃၄၈။ အခြားပုဂ္ဂိုလ်များတွင် သင်လိုက်လံရှာဖွေနေသော မည်သည့်ဉာဉ်မျိုးကိုမဆို ရှာဖွေတွေ့ရှိနိုင်သည်။

၃၄၉။ အလုပ်ကို ဆင်ခြေဆင်လက်မပေးဘဲ သို့မဟုတ် ညည်းညူခြင်း မရှိဘဲ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်လေ့ရှိသူဦးရေသည်အမြဲပင် နည်းပါးနေလေ့ရှိသည်။ ***

350. Opportunity has a way of getting near the man with a positive mental attitude.

351. Wise men think twice before speaking once.

352. Life never is sweet to the man who is sour on the world.

353. Remember this—troubles generally go where they are invited.

354. The worst thing about worry is that it attracts a whole flock of its relatives.

## OPPORTUNITY

355. Opportunity has a queer way of stalking the person who can recognize it and is ready to embrace it.

356. The man who is quick to see his limitations generally is slow in seeing his opportunities.

၃၅၀။ အခွင့်အလမ်းသည် အပြုစိတ်ရှိသူ၏အနီးသို့ ရောက်ရှိနေတတ်သည်။

၃၅၁။ အမြော်အမြင်ရှိသူများသည် စကားတစ်ကြိမ် မပြောခင် နှစ်ကြိမ် စဉ်းစားလေ့ရှိသည်။

၃၅၂။ ကမ္ဘာကြီးကို အမြင်စောင်းနေသူအတွက် ဘဝသည် မည်သည့်အခါတွင်မှ ချိုမြိန်နေမည် မဟုတ်ချေ။ *

၃၅၃။ ပြဿနာများသည် ယေဘုယျအားဖြင့် ၎င်းတို့အား ဖိတ်ခေါ်သည့်နေရာများသို့ သွားရောက်လေ့ရှိသည်ကို သတိရပါလေ။ *

၃၅၄။သောကနှင့်ပတ်သက်၍ အဆိုးရွားဆုံးအချက်မှာ ပတ်သက်ရာ ၎င်း၏ဆွေမျိုး တစ်အုပ်စုလုံးကို ဖိတ်ခေါ်ဆွဲဆောင်နေခြင်းပင်ဖြစ်သည်။

## အခွင့်အလမ်း

၃၅၅။ အခွင့်အလမ်းတွင် ၎င်းတို့ကိုသတိပြုမိပြီး ယုယပိုက်ထွေးရန် အဆင်သင့်ရှိနေသူ၏ နောက်မှ တစ်ကောက်ကောက်လိုက်တတ်သော ထူးခြားသည့် အမူအကျင့်ရှိသည်။

၃၅၆။ မိမိ၏ကန့်သတ်အားနည်းချက်များကို လျင်မြန်စွာမြင်တွေ့တတ်သူသည် ယေဘုယျအားဖြင့် ၎င်း၏အခွင့်အလမ်းများကို မြင်တွေ့ရာ၌ နှေးကွေးတတ်သည်။

357. Another man's mistakes may be a rich field of opportunity for you if you know what caused his mistakes.

358. Speaking out of turn may ease your pride, but it may also play havoc with your opportunities.

359. Opportunity frowns upon selfish monopolies.

360. Opportunity will let you down if you aren't strong enough to hold it up.

361. If you could see an opportunity as quickly as you see the faults of others, you'd soon be rich.

362. A sharp tongue may cut the line of communication with opportunity.

363. When you close the door of your mind to negative thoughts, the door of opportunity opens to you.

၃၅၇။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်တစ်ယောက်၏ အမှားများ အဘယ်ကြောင့် ဖြစ်ပေါ်ရသည့် အကြောင်းရင်းကို သိမည်ဆိုပါက ထိုအမှားများသည် သင့်အတွက် အခွင့်အရေးများစွာ ကြွယ်ဝနေသော နယ်မြေဖြစ်နိုင်ပေသည်။ **

၃၅၈။စကားကို မဆင်မခြင်နှင့် ကြားဖြတ်ဝင်ရောက်၍ ပြောဆိုမှုများသည် သင့်အတွက် ဂုဏ်ယူဖွယ်ဖြစ်နိုင်သော်လည်း ထိုကိစ္စက သင်၏အခွင့်အလမ်းများကို ကသောင်းကနင်း ဖြစ်သွားစေနိုင်သည်။

၃၅၉။ တစ်ကိုယ်ကောင်းဆန်သော လက်ဝါးကြီးအုပ်မှုများကို အခွင့်အလမ်းက မနှစ်မြို့ချေ။

၃၆၀။ အကယ်၍ သင်သည် ရလာသောအခွင့်အလမ်းကို ဆုပ်ကိုင်ထားနိုင်အောင် အရည်အချင်း မပြည့်မီပါက အခွင့်အလမ်းက ရှောင်ထွက်သွားလိမ့်မည်။

၃၆၁။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်များ၏ အပြစ်အနာအဆာများကို လျင်မြန်စွာမြင်တတ်သလို အခွင့်အလမ်းကိုလည်း မြင်တတ်မည်ဆိုပါက သင်သည် မကြာခင်ချမ်းသာလာပါလိမ့်မည်။

၃၆၂။ အာကြမ်းလျှာကြမ်းပြောဆိုတတ်မှုသည် အခွင့်အလမ်းနှင့်ဆက်သွယ်ထားသည့် လမ်းကြောင်းကို ပြတ်တောက်သွားစေနိုင်သည်။။

၃၆၃။ အဆိုးမြင်အတွေးများ ဝင်ရောက်ရာတံခါးပေါက်ကို ပိတ်လိုက်လျှင် အခွင့်အလမ်းတံခါးပေါက် ပွင့်လာမည်။

364. Opportunity often knocks only to find no one in.

365. A resourceful person will always make opportunity fit his needs.

366. Opportunity wastes no effort looking for the person who is wasting his time through idleness or destructive action.

367. Opportunity will not interest itself in the person who isn't interested in it.

## OPINIONS

368. Never express an opinion unless you can explain how you came by it.

369. It is more beneficial to ask intelligent questions than it is to offer free opinions which have not been requested.

370. If your opinions are worth anything, why give them away so freely?

၃၆၄။ အခွင့်အလမ်းက မကြာခဏဆိုသလို တံခါးလာခေါက်လေ့ရှိသော်လည်း အထဲ၌တစ်ယောက်မျှ ရှိမနေဘဲဖြစ်နေတတ်၏။**

၃၆၅။ ကြံရည်ဖန်ရည်ရှိသူတစ်ယောက်သည် အခွင့်အလမ်းကို ၎င်း၏လိုအပ်ချက်နှင့် ကိုက်ညီအောင် ပြုလုပ်တတ်၏။

၃၆၆။ အချည်းနှီးချောင်ခိုနေတတ်သော သို့မဟုတ် အဖျက်သဘောဆောင်သည့် လုပ်ရပ်များဖြင့် အချိန်ဖြုန်းနေတတ်သူ တစ်ယောက်ကို အခွင့်အလမ်းက ဒုက္ခခံ၍လိုက်လံရှာဖွေ နေလိမ့်မည်မဟုတ်ပါ။

၃၆၇။ အခွင့်အလမ်းကို စိတ်မဝင်စားသော ပုဂ္ဂိုလ်အား အခွင့်အလမ်းကလည်း စိတ်ဝင်စားလိမ့်မည် မဟုတ်ပါ။

## ထင်မြင်ချက်များ

၃၆၈။ သင်က ထင်မြင်ချက်တစ်ခုအား မည်သို့မည်ပုံရရှိလာသည်ကို ရှင်းမပြနိုင်ပါက မည်သည့်အခါတွင်မှ ပြောမပြပါလေနှင့်။

၃၆၉။ တောင်းဆိုခြင်းမခံရဘဲ သင်၏ထင်မြင်ချက်များကို ပေးမည့်အစား ပညာသားပါသော မေးခွန်းများကို မေးမြန်းခြင်းက ပို၍အကျိုးကျေးဇူး ရှိစေပါမည်။

၃၇၀။ အကယ်၍ သင်၏ထင်မြင်ချက်များသည် တန်ဖိုးရှိသည်ဆိုပါက အဘယ့်ကြောင့် အခမဲ့ဖြန့်ဝေနေပါသနည်း။

## ORGANIZED THINKING

371. You are where you are and what you are because of the food you eat and the thoughts you think.

372. Some nuggets of thought are worth more than nuggets of gold.

373. If you are really smart, you know when to stop talking and start listening.

374. Think your way through—then push the body through.

## PEACE OF MIND

375. A man who is at peace with himself is also at peace with the world.

376. Unless you have peace of mind, you are not a free person.

## PERSONAL INITIATIVE

377. The best job goes to the man who can get it done without passing the buck or coming back with alibis.

## စံနစ်ကျသောတွေးခေါ်မှု

၃၇၁။ သင်စားသည့်အစားအစာနှင့် သင်တွေးသည့်အတွေးနှင့်အညီ သင်သည်လက်ရှိနေရာ၌ လက်ရှိပုံစံ(ဘဝ)ကို ရရှိနေခြင်းဖြစ်၏။

၃၇၂။ တန်ဖိုးရှိသော စိတ်ကူးအချို့သည် ရွှေတုံးရွှေခဲကလေးများ ထက်ပင် ပို၍တန်ဖိုးရှိပါ၏။

၃၇၃။အကယ်၍ သင်သည် အမှန်တကယ် ချက်ချာပါးနပ်သူဆိုပါက မည်သည့်အခါတွင် စကားပြောခြင်းကို ရပ်တန့်၍ စတင်နားထောင်ရမည်ကို သိပါလိမ့်မည်။

၃၇၄။ လျှောက်မည့်လမ်းကို စိတ်ကူးပါ။ ပြီးတော့ သင့်ခန္ဓာကိုယ်ကို လျှောက်ခိုင်းပါ။

## စိတ်၏အေးချမ်းမှု

၃၇၅။ မိမိကိုယ်တိုင် အေးချမ်းမှုရရှိနေသူတစ်ယောက်သည် ကမ္ဘာကြီးနှင့်လည်း ငြိမ်းချမ်းနေမည်သာ ဖြစ်သည်။

၃၇၆။ သင့်ထံ၌ စိတ်အေးချမ်းမှု မရှိသေးသ၍ သင်သည် လွတ်လပ်သူတစ်ယောက် မဟုတ်သေးချေ။

## ကိုယ်စွမ်းကိုယ်စ

၃၇၇။ အလုပ်တစ်ခုကို အခြားတစ်ယောက်အား တာဝန်လွှဲမပေးဘဲ သို့မဟုတ် ဆင်ခြေဆင်လက်များဖြင့် ပြန်လည်မအပ်နှံဘဲ ပြီးစီးအောင် ဆောင်ရွက်နိုင်သူသည် အကောင်းဆုံး အလုပ်ကိုရရှိလေ့ရှိသည်။

378. Act on your own initiative, but be prepared to assume full responsibilities for your acts.

## PLEASING PERSONALITY

379. Men like you better when you greet them with a smile instead of a frown.

380. Three little words-"if you please"—carry the power of great charm.

381. You'll always be welcome if you bring a smile with you and leave your worries at home.

382. I have heard men say they never mistrust a man who whistles or sings when he works.

383. When you can't win, you can at least grin.

## PROCRASTINATION

384. Procrastination is the bad habit of putting off until day after tomorrow that which should have been done day before yesterday.

385. The habitual procrastinator always is an expert creator of alibis.

၃၇၈။ သင်၏ အစွမ်းအစဖြင့် ဆောင်ရွက်ပါ။ သို့ရာတွင် သင်၏ လုပ်ရပ်များအတွက် အပြည့်အဝတာဝန်ယူရန် အသင့်ရှိပါစေ။

## နှစ်လို့ဖွယ် ဥပဓိရုပ်

၃၇၉။ မျက်မှောင်ကုတ်မည့်အစား အပြုံးကလေးဖြင့် နှုတ်ဆက်မည်ဆိုပါက လူအများက သင့်ကိုပို၍သဘောကျကြပါလိမ့်မည်။

၃၈၀။ "ကျေးဇူးပြု၍" "If you please" ဟူသောစကားလုံးသည် ဆွဲဆောင်အား အလွန်ကောင်းသည်။

၃၈၁။ အကယ်၍ သင်က သောကများကို နေအိမ်၌ထားရစ်ခဲ့ပြီး အပြုံးကလေးကို ယူဆောင်လာမည်ဆိုပါက သင့်ကိုအမြဲတမ်း ကြို ဆိုနေကြပါလိမ့်မည်။

၃၈၂။ သီချင်းကလေးတအေးအေးဖြင့် အလုပ်လုပ်နေသူ သို့မဟုတ် လေချွန်ရင်းအလုပ်လုပ်နေသူတို့ကို လူအများက ယုံကြည်လေ့ရှိကြောင်း ပြောသံကို ကျွန်ုပ်ကြားဖူးပါသည်။

၃၈၃။ အနိုင်မရသည့်အခါ အပြုံးမပျက် ရင်ဆိုင်နိုင်ပါသည်။

## နှောင့်နှေးကြန့်ကြာမှု

၃၈၄။ နှောင့်နှေးကြန့်ကြာမှုသည် တမြန်နေ့ကတည်းက ဆောင်ရွက်ပြီးစီးရမည့်ကိစ္စကို သန်ဘက်ခါအထိ အချိန်ဆွဲထားသော မကောင်းသည့်အလေ့အကျင့်ဖြစ်သည်။

၃၈၅။ အချိန်ဆွဲလေ့ရှိသူသည် ဆင်ခြေပေးရာ၌ ကျွမ်းကျင်သည်။

# REALITIES

386. Today's dreams become tomorrow's realities. Do not belittle the practical dreamer, for he is the forerunner of civilization.

387. There are no such realities as good or bad luck. Everything has a cause that produces appropriate effects.

388. There is no such reality as passive faith. Action is the first requirement of all faith. Words, alone, will not serve.

389.The only permanent thing in the entire universe is change. Nothing is the same for two consecutive days.

# RESPECT

390. Self-respect is the best means of getting the respect of others.

391. Sound character begins with keen self-respect

# ဒိဋ္ဌဖြစ်ရပ်များ

၃၈၆။ ယနေ့၏အိပ်မက်များသည် နက်ဖြန်ခါ၏ ဒိဋ္ဌဖြစ်ရပ်များဖြစ်ကြ၏။ လက်တွေ့ကျကျ အိပ်မက်မက်နေသူကို ပြက်ရယ်မပြုလေနှင့်။ အဘယ့်ကြောင့်ဆိုသော် သူသည်လူ့အဖွဲ့အစည်း၏ ရှေ့တော်ပြေးဖြစ်နေသောကြောင့်ပင်တည်း။

၃၈၇။ ကံကောင်းခြင်း သို့မဟုတ် ကံဆိုးခြင်းဆိုသည့် ဒိဋ္ဌဖြစ်ရပ်များမရှိချေ။ အရာရာတိုင်းတွင် ဆီလျော်သော အကျိုးတရားများကိုဖြစ်ပေါ်လာစေသည့် အကြောင်းတရားများသာ ရှိကြ၏။

၃၈၈။လက်တွေ့ဖြစ်ရပ်များတွင် သက်ဝင်ယုံကြည်မှုသက်သက်ကြောင့် အလိုအလျောက် ဖြစ်လာမှုမရှိပါ။ ပြုမူဆောင်ရွက်မှုသည် သက်ဝင်ယုံကြည်မှုတိုင်း၏ ပထမဦးဆုံး လိုအပ်ချက်ပင်ဖြစ်သည်။ စကားလုံးများ သက်သက်ဖြင့်အရာထင်မည် မဟုတ်ပါ။

၃၈၉။ စကြဝဠာကြီးတစ်ခုလုံးတွင် ထာဝရပြောင်းလဲနေခြင်းသာရှိသည်။ မည်သည့်အရာမျှ နှစ်ရက်ဆက်၍ မပြောင်းမလဲတည်မြဲခြင်းမရှိကြပါ။

# လေးစားမှု

၃၉၀။ မိမိကိုယ်ကိုလေးစားမှုသည် အခြားပုဂ္ဂိုလ်များ၏လေးစားမှုကို ရယူရန် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

၃၉၁။ ခိုင်မာသော အကျင့်စာရိတ္တသည် မိမိကိုယ်ကို စိတ်အားထက်သန်စွာ လေးစားမှုမှ စတင်သည်။

392. It takes more than a loud voice to gain respect for authority.

## RESPONSIBILITY

393. High wages and the capacity to assume responsibilities are two things that belong together.

394. If you do a job another man's way, he takes the responsibility. If you do it your way, you must take the responsibility.

395. Big pay and little responsibility are circumstances seldom found together.

396. The privilege of bringing children into the world carries with it the responsibility of teaching them the fundamentals of sound character.

397. Don't covet the other fellow's job if you are not prepared to accept the responsibility that goes with it.

၃၉၂။ လေးစားနာခံမှုရရှိရန် အမိန့်ညွှန်ကြားပေးရုံဖြင့် မလုံလောက်ပါ။ (လေးစားနာခံလောက်သည့်အရည်အချင်းများရှိရန်လည်းလိုသည်။)

## တာဝန်ယူမှု

၃၉၃။ မြင့်မားသောလစာနှင့် တာဝန်များကို ယူနိုင်စွမ်းရှိမှုတို့သည် ယှဉ်တွဲတွေ့ရသည့် မိတ်ဖက်များဖြစ်ကြ၏။

၃၉၄။ အကယ်၍ သင်သည် အလုပ်တစ်ခုကို အခြားပုဂ္ဂိုလ်တစ်ယောက်၏ နည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက အဆိုပါပုဂ္ဂိုလ်တွင်တာဝန်ရှိ၏။ အကယ်၍ သင်က မိမိနည်းလမ်းဖြင့် ဆောင်ရွက်ပါက သင်ကိုယ်တိုင် တာဝန်ယူရမည်ဖြစ်၏။

၃၉၅။ ကြီးမားသောလစာနှင့် သေးငယ်သောတာဝန်ရှိမှုတို့ကို အတူတူယှဉ်တွဲ၍တွေ့နိုင်ရန် ခဲယဉ်း၏။

၃၉၆။ ကလေးငယ်များကို ကမ္ဘာကြီးသို့ ခေါ်ဆောင်လာနိုင်သော မိဘတို့၏ အထူးအခွင့်အရေးနှင့်အတူ ထိုကလေးငယ်များအား ခိုင်မာသော အကျင့်စာရိတ္တ၏ အခြေခံများကို သင်ကြားပေးရန် တာဝန်လည်း ပူးတွဲပါရှိပါသည်။

၃၉၇။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်တစ်ဦး၏ အလုပ်နှင့်အတူ ပူးတွဲ၍ပါရှိလာမည့် တာဝန်ကို လက်ခံရန်အသင့် မဖြစ်ပါက ထိုအလုပ်ကို ငမ်းငမ်းတက် မလိုချင်ပါနှင့်။

## SELF-CONFIDENCE

398. Self-confidence may be mistaken for egotism if it is not accompanied by humility of the heart.

399. Too much self-confidence often inspires too little caution.

## SELF-CONTROL

400. An educated man is one who has learned how to get what he wants without violating the rights of others.

401. Before trying to master others, be sure you are the master of yourself.

402. Develop your ego but keep your foot on its neck.

403. If you have limitations, take care to keep them to yourself, for enemies have the habit of mastering men through their weaknesses.

## မိမိကိုယ်ကို ယုံကြည်မှု

၃၉၈။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့်အတူ နှလုံးသားမှ နှိမ့်ချခြင်းသည်လည်း ပူးတွဲ၍ ပါရှိမလာပါက အတ္တကြီးမားသူအဖြစ် ထင်မှတ်များကြဖွယ်ရှိ၏။

၃၉၉။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု များလွန်းပါက သတိလက်လွှတ် ဖြစ်တတ်၏။

## မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု

၄၀၀။ ပညာတတ်တစ်ယောက်ဆိုသည်မှာ မိမိလိုချင်သည့်အရာကို အခြားပုဂ္ဂိုလ်များ၏ ရပိုင်ခွင့်များအား မထိခိုက်စေဘဲ ရယူနည်းကို လေ့လာသင်ယူထားသူဖြစ်သည်။

၄၀၁။ မိမိကိုယ်ကို ကွပ်ကဲကြပ်မတ်နိုင်မှသာ သူတစ်ပါးအား ကွပ်ကဲကြပ်မတ်ဖို့ကြိုးစားပါ။

၄၀၂။ သင်၏အတ္တကို ကြီးထွားလာပါစေ။ သို့ရာတွင် ကောင်းကောင်း ဖိနှိပ်ထားပါ။

၄၀၃။ အကယ်၍ သင့်ထံတွင်အားနည်းချက်များရှိနေပါက ထိုအချက်ကို အခြားပုဂ္ဂိုလ်များ မသိကြပါစေနှင့်။ အဘယ်ကြောင့်ဆိုသော် ရန်သူများသည် ထိုပုဂ္ဂိုလ်များ၏ အားနည်းချက်များကို ချုပ်ကိုင်အနိုင်ယူတတ်လေ့ရှိသောကြောင့် ဖြစ်ပါ၏။

404. Hot heads don't produce cool thoughts.

405. Hatred may not injure others, but the damage it does to the hater is inescapable.

406. When you get yourself under complete control, you can be your own boss.

## SELF-DISCIPLINE

407. Self-discipline is the first rule of all successful leadership.

408. When angry, whistle for three minutes before speaking and observe how your anger will take on the quality of reason.

409. Have you ever tried to be angry while you were smiling? Try it!

410. True wisdom begins with self-understanding based on self-discipline.

၄၀၄။ တဖောက်ကန်းလုပ်တတ်သူများသည် ကောင်းမွန်သော အတွေးများကို မတွေးနိုင်ကြပါ။

၄၀၅။ မုန်းတီးမှုက အခြားပုဂ္ဂိုလ်များအား ထိခိုက်ဖွယ်မရှိသော်လည်း မုန်းတီးနေသူအတွက်မူ ရရှိလာမည့်ထိခိုက်မှုမှလွတ်မြောက်နိုင်ဖွယ် မရှိပါ။

၄၀၆။ သင်သည် မိမိကိုယ်ကို လုံးဝထိန်းချုပ်ထားနိုင်စွမ်းရှိသည့် အခါ သင်ကိုယ်တိုင် မိမိ၏ အရှင်သခင် ဖြစ်လာနိုင်ပါသည်။

## ကိုယ်တိုင်စည်းကမ်းရှိမှု

၄၀၇။ ကိုယ်တိုင်စည်းကမ်းရှိမှုသည် အောင်မြင်သော ခေါင်းဆောင်မှု အားလုံး၏ ပထမဦးဆုံး စည်းမျဉ်းဖြစ်သည်။

၄၀၈။ စိတ်ဆိုးသည့်အခါ စကားမပြောခင် သုံးမိနစ်လေချွန်၍နေ လိုက်ပါ။ သင်၏ ဒေါသအား အရည်အချင်းရှိသော တွေးတောဆင် ခြင်နိုင်မှုအဆင့်သို့ ပြောင်းလဲသွားအောင် မည်ကဲ့သို့ ဆောင်ရွက် ပေးသည်ကို လေ့လာကြည့်ရှုပါလေ။

၄၀၉။ သင်သည် အပြုံးမပျက်ဘဲ ဒေါသဖြစ်ဖို့ ကြိုးစားဖူးပါသလား။ စမ်းကြည့်ပါ။ **

၄၁၀။ စစ်မှန်သော ဉာဏ်အမြော်အမြင်ရှိသူသည် ကိုယ်တိုင် စည်းကမ်းရှိမှုအပေါ်၌ အခြေခံသော မိမိကိုယ်ကို နားလည် သဘောပေါက်မှုဖြင့် စတင်လေသည်။

411. Self-discipline makes discipline from the outside unnecessary.

## SILENCE

412. Sometimes the man whom you think you have bested by talk has outwitted you by silence.

413. Silence has one major advantage: It gives no one a clue as to what your next move will be.

414. Silent thought is more powerful than spoken words.

## SLEEP

415. When you don't know what else to do with your problem, try sleeping on it for a night or so.

416. If you cannot sleep, have a look at your stomach or a confidential talk with your conscience.

၄၁၁။ ကိုယ်တိုင်က စည်းကမ်းရှိနေပါလျှင် ပြင်ပမှစည်းကမ်းများ မလိုအပ်တော့ပါ။ (လိုက်နာပြီးဖြစ်နေပါမည်။)

## နှုတ်ဆိတ်နေမှု

၄၁၂။ တစ်ခါတစ်ရံတွင် သင်က စကားအရာဖြင့် အနိုင်ရလိုက်သည်ဟု ထင်မြင်ယူဆနေသူတစ်ဦးက နှုတ်ဆိတ်ခြင်းဖြင့် သင့်ကိုကျော်ပြီး အနိုင်ယူတတ်လေသည်။

၄၁၃။ နှုတ်ဆိတ်နေမှု၌ ကြီးမားသောအားသာချက်ရှိသည်။ နှုတ်ဆိတ်နေမှုကြောင့် သင်လှုပ်ရှားမည့် နောက်တစ်ကွက်ကို မည်သူမျှ ချင့်တွက် မရနိုင်၍ဖြစ်သည်။

၄၁၄။ တိတ်ဆိတ်သည့် အတွေးသည် ဖွင့်ဟပြောသည့် စကားလုံးများထက် ပို၍အားကောင်းသည်။

## အိပ်စက်ခြင်း

၄၁၅။ သင်၏ ပြဿနာအား မည်သို့မည်ပုံ ဖြေရှင်းရမည်ကို မသိသောအခါ တစ်ညနှစ်ညလောက် မေ့ထားလိုက်ပါ။

၄၁၆။ အိပ်မပျော်ပါက (ပိန်လိုက်ဖောင်းလိုက်ဖြစ်နေသည့်) သင့်ဝမ်းဗိုက်ကိုရှုပါ။ (သို့မဟုတ်) မိမိ၏အသိတရားနှင့် တိုးတိုးတိတ်တိတ် စကားပြောပါ။

## SOUND PHYSICAL HEALTH

417. Eat right, think right, sleep right, and play right and you can save the doctor's bill for your vacation money.

418. If you think you are sick, you are.

## STUBBORNNESS

419. Definiteness of opinion without tolerance generally turns out to be only stubbornness.

420. Plain stubbornness is often mistaken for "pride."

## SUBCONSCIOUS MIND

421. The record of every person's life is indelibly recorded in his subconscious mind.

422. The subconscious mind often works out one's greatest problems when the conscious mind is asleep.

## ကိုယ်ခန္ဓာကျန်းမာရေး

၄၁၇။ တည့်တာကိုစား၊ ကောင်းတာကိုတွေး၊ ပျော်အောင်အိပ်၊ သင့်လျော်သော အားကစားလေ့ကျင့်ခန်းတို့ကို ပြုလုပ်မည်ဆိုပါက ဆေး ဖိုး ဝါး ခ ချွေတာနိုင်ကာ အနာ းယူအပန်းဖြေစခန်းသို့ပင် သွား ရောက်နိုင်ပါလိမ့်မည်။

၄၁၈။ အကယ်၍ နေထိုင်မကောင်းဖြစ်နေပြီဟု သင့်ကိုယ်သင်ထင်နေပါက သင်နေထိုင်မကောင်း ဖြစ်နေပါပြီ။

## ခေါင်းမာမှု

၄၁၉။သည် ခံစိတ်မမွေးဘဲ သင်၏ ထင်မြင်ယူဆချက်အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နေမှုသည် ယေဘုယျအားဖြင့် ခေါင်းမာခြင်း သက်သက်သာ ဖြစ်နေတတ်ပေသည်။

၄၂၀။ ရိုး ရိုး ခေါင်း မာမှုကို မကြာခဏဆိုသလို ဂုဏ်မာနအဖြစ် ထင် မှတ်မှား တတ်ကြသည်။

## မသိစိတ်

၄၂၁။ လူတိုင်း ၏ ဘဝမှတ်တမ်းကို ၎င်းတို့၏မသိစိတ်ထဲ၌ ဖျက်မရ အောင် မှတ်တမ် တင်ထား ပြီး ဖြစ်သည်။

၄၂၂။ သိစိတ်က အိပ်ပျော်နေစဉ် မသိစိတ်က လူတစ်ယောက်၏ အကြီး မား ဆုံး ပြဿနာများကို ဖြေရှင်းပေးတတ်သည်။

423. Keep your conscious mind fixed on what you desire, and your subconscious mind will unerringly guide you to it.

## SUCCESS

424. That man is rich indeed who has more friends than enemies, fears no one, and is so busy building that he has no time to devote to tearing down another's hope and plans.

425. Two kinds of men never get ahead—those who do only what they are told to do and those who will not do what they are told to do.

426. Money may not make a man a success, but it does give him a mighty good reputation.

427. The greatest of all success rules is this: Do unto others as you would if you were the others.

428. No man ever becomes so successful that he doesn't appreciate a kindly word of commendation for work well done.

၄၂၃။ သင်လိုချင်သော ဆန္ဒအပေါ်တွင် သင်၏သိစိတ်ကို စူးစူးစိုက်စိုက်ထားရှိပါ။ သင်၏ မသိစိတ်က ထိုနေရာသို့ မမှားမယွင်းဘဲ လမ်းပြသွားပါလိမ့်မည်။

## အောင်မြင်ခြင်း

၄၂၄။ ရန်သူနည်းပြီး မိတ်ဆွေများသူ၊ ကြောက်ရမည့်သူမရှိသူ၊ သူတစ်ပါး၏ အစီအစဉ်နှင့် မျှော်လင့်ချက်များ ပျက်ပြားအောင်လုပ်ဖို့ အချိန်မပေးနိုင်လောက်အောင် အလုပ်တွင်မြုပ်နေသူသည် လူချမ်းသာပင်ဖြစ်သည်။

၄၂၅။ မည်သည့်အခါတွင်မှ မကြီးပွားမတိုးတက်သူ လူနှစ်မျိုးနှစ်စားရှိသည်။ ခိုင်းသလောက်ကိုသာ လုပ်သည့်လူစားနှင့် နောက်တစ်မျိုးမှာ ခိုင်းသည့်အလုပ်ကို မလုပ်သောလူစားဟူ၍ဖြစ်သည်။**

၄၂၆။ ငွေကြေးက လူတစ်ယောက်ကို အောင်မြင်အောင်စွမ်းဆောင်နိုင်ချင်မှ စွမ်းဆောင်နိုင်ပါလိမ့်မည်။ သို့ရာတွင် ငွေကြေးက ၎င်းကို အထူးတလည် ဂုဏ်သတင်းမွေးစေလိမ့်မည်။

၄၂၇။ အောင်မြင်ခြင်းဆိုင်ရာ ဥပဒေသများအနက် အရေးအကြီးဆုံး ဥပဒေသသည် ဤသို့ဖြစ်၏။ သင်သာသူ့နေရာ၌ဆိုပါက ဆက်ဆံစေချင်သည့် ပုံစံကိုစဉ်းစားစာနာ ဆက်ဆံပါလေ။

၄၂၈။ မည်မျှပင်အောင်မြင်မှု ရရှိနေသူဖြစ်စေကာမူ ၎င်းက ကောင်းမွန်စွာဆောင်ရွက်ခဲ့သော လုပ်ငန်းတစ်ခုအတွက် ချီးကျူးစကားပြောကြားသည်ကို သဘောမကျဘဲရှိလိမ့်မည် မဟုတ်ချေ။

429. The surest way to promote yourself is to help others get ahead.

430. Don't be in too big a hurry to get to the top of the ladder of success, for then you can move in only one direction—down.

431. The successful leader makes decisions quickly but changes them slowly if they must be changed.

432. The man who has only time for gossip and slander is too busy for success.

433. Anyone can stand poverty, but few can stand success and riches.

434. Find out how to get production up and it will drag you and a bigger paycheck along with.

435. Save expense for the company and the company will save money for you in proportion.

436. If you were your own employer, would you be entirely satisfied with the day's work you have done today?

၄၂၉။ မိမိကိုယ်ကို သေချာပေါက် မြှင့်တင်နည်းမှာ အခြားပုဂ္ဂိုလ်များအား ရှေ့သို့ရောက်အောင် ကူညီမှုပေးခြင်းပင် ဖြစ်သည်။

၄၃၀။ အောင်မြင်မှုလှေကား၏ ထိပ်ဆုံးသို့ရောက်အောင်တက်ဖို့ သိပ်အလျှင်မလိုပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာသို့ရောက်ပြီးသည့်အခါ အောက်ဘက်တည်းဟူသော လားရာတစ်ခုတည်းကိုသာ သွားနိုင်တော့မည် ဖြစ်သောကြောင့်ပင်တည်း။

၄၃၁။အောင်မြင်သော ခေါင်းဆောင်တစ်ဦးသည် ဆုံးဖြတ်ချက်များကို လျှင်မြန်စွာ ချမှတ်လေ့ရှိ၏။ သို့ရာတွင် အကယ်၍မဖြစ်မနေ ပြုပြင်ရတော့မည်ဆိုပါက နှေးကွေးစွာပြင်၏။

၄၃၂။ အတင်းအဖျင်းနှင့် အပုပ်ချစကားဖြင့် အချိန်ကုန်နေသူအဖို့ အောင်မြင်စရာမရှိ။ *

၄၃၃။ဆင်းရဲသည့်ဒဏ်ကို လူတိုင်းခံနိုင်၏။ သို့ရာတွင် အောင်မြင်မှုနှင့် ချမ်းသာတို့ကိုမူ ခံနိုင်သူမရှိသလောက်နည်း၏။

၄၃၄။ ထုတ်လုပ်မှု တိုးနိုင်မည့်နည်းလမ်းကိုရှာပါ။ တိုးသည်နှင့် သင့်ဝင်ငွေပါတိုးလာပါလိမ့်မည်။

၄၃၅။ မိမိလုပ်သည့် ကုမ္ပဏီ၏ အသုံးစရိတ်များကို ချွေတာပါ။ ထိုအခါ ကုမ္ပဏီကလည်း သင့်အတွက် အချိုးချချွေတာစုဆောင်းပေးပါလိမ့်မည်။

၄၃၆။ အကယ်၍ သင်ကိုယ်တိုင်သာ အလုပ်ရှင်ဆိုပါက သင်ယနေ့ဆောင်ရွက်ပြီးစီးခဲ့သော အလုပ်ကို သင်ကျေနပ်မှုအပြည့်အဝရှိပါရဲ့လား။ **

437. The man who tries to promote himself by demoting others cannot stay on top if he gets there.

438. The greatest known cure for loneliness, discouragement, and discontentment is work that produces a healthy sweat.

439. Some men are "smart," others are "wise." The difference is this: the "smart" man can make money, the "wise" man can make it and use it wisely.

440. If you can show how time or materials can be saved, you can easily show how your paycheck can be increase

441. Remember the door to opportunity swings two ways—*in* and *out*.

442. No one can keep you down except yourself.

443. Defeat doesn't discourage the man who knows he is right.

၄၃၇။ အခြားပုဂ္ဂိုလ်များကို အဆင့်လျော့ကျသွားစေခြင်းဖြင့် မိမိကိုယ်ကို ရာထူး တိုးအောင် ကြိုးစားသူသည် အကယ်၍ ထိပ်ဆုံးသို့ ၎င်ရောက်သည့်တိုင်အောင် ကြာကြာမြဲနိုင်ဖွယ်မရှိချေ။

၄၃၈။ အထီးကျန်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အားမရမကျေနပ်ခြင်းတို့အတွက် အကောင်းဆုံးမှာ ချွေးထွက်အောင် အလုပ်လုပ်ခြင်းဖြစ်သည်။ (ဓောချွေး မဟုတ်။)

၄၃၉။ လူအချို့သည် ချက်ချာပါးနပ်၏။ အချို့ကား ဉာဏ်အမြော်အမြင်ရှိ၏။ ခြားနားချက်မှာ ချက်ချာပါးနပ်သူက ငွေရအောင်ရှာနိုင်၏။ ဉာဏ်အမြော်အမြင်ရှိသူကား ငွေကိုရအောင်ရှာနိုင်ပြီး အမြော်အမြင် ရှိစွာသုံးစွဲ၏။

၄၄၀။ သင်သာအချိန်နှင့် ပစ္စည်းချွေတာနိုင်ပုံကို ပြနိုင်ပါက သင်၏ပင်ငွေသည်လည်း အလွယ်တကူ တိုးလာသည်ကို တွေ့ရမည်။

၄၄၁။ အခွင့်အလမ်းဆိုသော တံခါးသည် "အတွင်းဘက်သို့"နှင့် "အပြင်ဘက်သို့"ဆိုသော ဘက်နှစ်ဘက်သို့ ပွင့်စေနိုင်သည်ဆိုသော အချက်ကို သတိရပါလေ။

၄၄၂။ သင်ကိုယ်တိုင်ကလွဲ၍ မည်သူကမျှ သင့်ကိုနိမ့်ကျသွားအောင် မလုပ်နိုင်ပါ။

၄၄၃။ မိမိမှန်ကန်သည်ကို သိနေသူအား ရှုံးနိမ့်မှုက စိတ်ဓာတ်ပျက်ပြားစေလိမ့်မည်မဟုတ်။

444. The man who complains he never had a chance probably hasn't the courage to take a chance.

445. Success that comes easily is apt to go quickly.

446. It is a sure thing that you'll not finish if you don't start.

447. If you put all your eggs in one basket, be sure to see that no one kicks the basket over.

448. Never mind what the other fellow didn't do. It's what you do that counts.

449. If you are a shepherd, be the best and you may live to own the herd.

450. If you were offered the best job in the plant, are you ready to fill it?

451. Are you waiting for success to arrive or are you going out to find where it is hiding?

၄၄၄။ အခွင့်အလမ်းနှင့် မကြုံခဲ့ပါဟု ညည်းညူသူသည် အခွင့်အလမ်းကို ရယူရန်မဝံ့သူဖြစ်တတ်သည်။

၄၄၅။ လွယ်လွယ်ကူကူဖြင့် ရရှိလာသော အောင်မြင်မှုကို လွယ်လွယ်ကူကူပင် လက်လွှတ်ရတတ်သည်။

၄၄၆။ အကယ်၍ စတင်ဆောင်ရွက်ခဲ့ခြင်းမရှိပါက အဆုံး သတ်နိုင်မည် မဟုတ်သည်မှာလည်း သေချာလှပေသည်။

၄၄၇။ သင်ပိုင်ဆိုင်သမျှ ကြက်ဥအားလုံးကို ခြင်းတစ်လုံးထဲတွင်ထားသည်ဆိုပါက ၎င်းခြင်းကို သူတစ်ပါး မကန်အောင်တော့ သတိထားရမည်။

၄၄၈။ အခြားပုဂ္ဂိုလ် မဆောင်ရွက်သည့်ကိစ္စကို ထည့်၍စဉ်းစားမနေပါနှင့်။ သင်ဆောင်ရွက်သည့် ကိစ္စကသာ အရေးပါ ပါသည်။

၄၄၉။ အကယ်၍ သင်သည် သိုးကျောင်းသားတစ်ယောက်ဖြစ်သည်ဆိုပါက အတော်ဆုံးဖြစ်ပါစေ။ တစ်နေ့တွင် သင်သည် သိုးအုပ်ပိုင်ရှင်ဖြစ်လာနိုင်ပေသည်။

၄၅၀။ အကယ်၍ သင့်အား စက်ရုံ၏အကောင်းဆုံးအလုပ်ကို ကမ်းလှမ်းလာမည်ဆိုပါက သင့်ဘက်က လက်ခံရန်အသင့်ဖြစ်ပါရဲ့လား။

၄၅၁။ အောင်မြင်မှုရောက်ရှိလာမည့် အချိန်အထိ သင် စောင့်နေပါသလား။ သို့မဟုတ် ၎င်းပုန်းအောင်းနေသည့် နေရာကို လိုက်လံရှာဖွေပါမည်လား။

452. Remember, it is not necessary for others to fail in order that you may succeed.

453. The climb upward will be easier if you take others with you.

454. There are no dead-end roads for a persistent man who knows what he wants and where he expects to find it.

455. Before worrying about how to get more pay, try thinking how you can do a better job, and you may not need to worry.

456. Remember, a kite flies against the wind, not with it.

457. The person who will not take a chance seldom has one thrust upon him.

458. It's better to excel another than to waste time envying him.

၄၅၂။ သင်အောင်မြင်မှုရရှိဖို့ အခြားပုဂ္ဂိုလ်များက ကျရှုံးပေးရန်မလိုအပ်ကြောင်း သတိရပါလေ။

၄၅၃။ အကယ်၍ အခြားပုဂ္ဂိုလ်များကို သင်နှင့်အတူ ခေါ်ဆောင်သွားမည်ဆိုပါက အထက်သို့တက်လှမ်းမှုသည် ပို၍လွယ်ကူပါလိမ့်မည်။

၄၅၄။မိမိလိုချင်သောအရာကို သိရှိပြီး မည်သည့်နေရာ၌ ရှာတွေ့နိုင်မည်ကို မျှော်လင့်ထားသော မဆုတ်မနစ် ကြိုးစားသူတစ်ဦးအတွက် တက်လမ်းပိတ်သည့်အဖြစ်မျိုး မရှိနိုင်ပါချေ။

၄၅၅။ မည်သည့်နည်းဖြင့် လခပိုမို၍ရရှိနိုင်မည် ဆိုသောကိစ္စကို သောကမဖြစ်မီ အလုပ်ကိုမည်သည့်နည်းဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ကို စဉ်းစားတွေးတောနိုင်အောင် ကြိုးစားမည်ဆိုပါက သောကဖြစ်ရန် လိုအပ်တော့မည် မဟုတ်ပါ။ ***

၄၅၆။ လေတံခွန်တစ်ခုသည် လေကိုဆန်၍ ပျံနေခြင်းဖြစ်ကြောင်း လေနှင့်အတူမျောပါနေခြင်း မဟုတ်ကြောင်း သတိရပါလေ။

၄၅၇။ စွန့်စွန့်စားစား ဆောင်ရွက်လေ့မရှိသော ပုဂ္ဂိုလ်ထံ အခွင့်အရေးတစ်ခုကို ပေးအပ်ရန် ဆိုသည်မှာ ဖြစ်ခေါင့်ဖြစ်ခဲ ကိစ္စပင်ဖြစ်သည်။

၄၅၈။ လူတစ်ယောက်အား မနာလိုဖြစ်ကာ အချိန်ကုန်ခံနေမည့်အစား ၎င်းထက်ပို၍သာအောင် ကြိုးစားခြင်းက ပိုမိုကောင်းမွန်ပါသည်။

459. No man can make life pay unless he knows definitely what he wants!

460. The ladder of success is never crowded at the top.

461. Opportunity is something that permits one to get his foot inside the door of success, but it doesn't break the door down.

462. No man can succeed and remain successful without the friendly cooperation of others.

463. Opportunity never slips up on the man who straddles the fence through indecision.

464. Never argue over unimportant details, for if you win, you will have gained no advantage.

465. The best possible way to get a transfer from the job you don't like to one you like better is to do your present job so well the management will desire to use your skill on a more important job.

၄၅၉။ မိမိ၏လိုအင်ကို တိတိကျကျ မသိရှိပါက ဘဝမှမိမိလိုသည်ကို ရရှိလာအောင် မည်သူမျှ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ချေ။

၄၆၀။ အောင်မြင်မှု၏ လှေကားထိပ်၌ မည်သည့်အခါတွင်မျှ လူပြည့်ကျပ်နေလေ့မရှိပါ။

၄၆၁။ အခွင့်အလမ်းဆိုသည်မှာ လူဟာစ်ယောက်အား အောင်မြင်မှု တံခါးရွက်၏ နောက်ဘက်၌ ခြေချခွင့်ပြုခြင်းသာဖြစ်ပြီး တံခါးရွက်ကို ဖြိုချပေးလိမ့်မည် မဟုတ်ချေ။

၄၆၂။ အခြားပုဂ္ဂိုလ်များ၏ ခင်ခင်မင်မင် ပူးပေါင်းဆောင်ရွက်မှုကို မရရှိဘဲနှင့် မည်သူမျှ အောင်မြင်နိုင်မည် မဟုတ်သလို၊ ဆက်လက်၍ အောင်မြင်နေလိမ့်မည်လည်း မဟုတ်ပေ။

၄၆၃။ ဝေခွဲမရသောစိတ်ဖြင့် ခြံစည်းရိုးပေါ်၌ ခွထိုင်နေသူတစ်ဦးထံ အခွင့်အလမ်းက မည်သည့်အခါတွင်မှ တွယ်ကပ်ပြီး တက်လာမည် မဟုတ်ချေ။

၄၆၄။ အရေးမပါသော အသေးစိတ်အချက်များအပေါ်တွင် မည်သည့်အခါတွင်မှ ငြင်းခုံ၍မနေပါနှင့်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ သင်အနိုင်ရသည့်တိုင်အောင် အသာစီးရလိမ့်မည် မဟုတ်ချေ။

၄၆၅။သင်မနှစ်ခြိုက်သောအလုပ်မှ သင်နှစ်ခြိုက်သော အလုပ်သို့ ပြောင်းရွှေ့ခွင့်ရရန် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းမှာ လက်ရှိအလုပ်၌ ကောင်းမွန်စွာဆောင်ရွက်ခြင်းဖြင့် စီမံခန့်ခွဲသူများက သင်၏ ကျွမ်းကျင်မှုကို ပို၍အရေးကြီးသော အလုပ်ဘွင် အသုံးချလို စိတ် ပေါ်လာကြပါလိမ့်မည်။

466. The job you like least to do may provide you with the experience you need for promotion to a better job.

467. Many a parent has made life hard for his children by trying, too zealously, to make it easy for them.

468. When the going is hardest, just keep on keeping on and you'll get there sooner than someone who finds the going easy.

469. Poverty may not be a disgrace, but surely it is not a recommendation.

470. Don't look to the stars for the cause of your misfortunes.

471. The man who works harder when the boss isn't around is headed straight for a better job.

472. It is easier to keep ahead than to try to catch up with back work.

၄၆၆။ သင် မကြိုက်ဆုံးအလုပ်မှ အတွေ့အကြုံများက ပို၍ကောင်းမွန်သော အလုပ်သို့ တိုးမြှင့်ပေးရန်အတွက် လိုအပ်နေသော အတွေ့အကြုံများကို ပေးကောင်းပေးပါလိမ့်မည်။

၄၆၇။ မိဘအတော်များများက မိမိတို့၏သားသမီးများ ဘဝတွင် သက်သောင့်သက်သာ နေနိုင်အောင်ကြိုးစားရာမှ သားသမီးများမှာ ဘဝတွင် အခက်အခဲများကြုံတွေ့ရသည်။

၄၆၈။ လုပ်ငန်းဆောင်ရွက်ရသည်မှာ အခက်အခဲဆုံး အပင်ပန်းဆုံးဖြစ်နေချိန်၌ သင်က လုပ်ငန်းကို မရပ်ဘဲဆက်လက်ဆောင်ရွက်သွားပါ။ ဤတွင် အလုပ်ကိုလွယ်လွယ်လုပ်နေသော ပုဂ္ဂိုလ်ထက် သင်က လိုရာသို့ စောစီးစွာ ရောက်ရှိသွားပါလိမ့်မည်။

၄၆၉။ ဆင်းရဲမှုသည် အရှက်ရစရာမဟုတ်ပါ။ သို့ရာတွင် ထောက်ခံချက် ပေးစရာမဟုတ်သည်မှာလည်း သေချာပါသည်။

၄၇၀။ သင်၏ ကံမကောင်းမှုအတွက် ဗေဒင်မေးမနေပါနှင့်။ မိမိကိုယ်ကို ဆန်းစစ်ပြီး ပိုမိုကောင်းမွန်သော ရလဒ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ပါ။

၄၇၁။ အလုပ်ရှင်ကွယ်ရာ၌ ပိုမို၍အလုပ်လုပ်သူသည် ပိုမိုကောင်းမွန်သော အလုပ်ဆီသို့ ဦးတည်နေသည်။ ***

၄၇၂။ မပြီးပြတ်သည့် လက်ကျန်အလုပ်များကို ပြီးစီးအောင် ဆောင်ရွက်နေရခြင်းထက် ရှေ့သို့ဦးတည်၍ ဆောင်ရွက်နေရခြင်းက ပိုမို၍လွယ်ကူပါသည်။ (အလုပ်ကို အကြွေးမထားသင့်။)

473. Have you noticed that the most efficient workman is generally the busiest?

474. Rejoice with the man who is succeeding and he may let you in on the secret of his success.

475. Are you waiting for success to arrive or are you going out to find where it is hiding?

476. Never mind how much you know! The important thing is what you can do with what you know:

477. There isn't much one can do for the man who will not try to do something for himself.

478. The man who does not systematically save a definite percentage of all he makes is apt never to acquire economic security.

479. A little job well done is the first step toward a bigger one.

၄၇၃။ အကျွမ်းကျင်ဆုံး လုပ်သားသည် ယေဘုယျအားဖြင့် အလုပ်အများဆုံးဖြစ်သည်ကို သင် သတိပြုမိပါသလား။

၄၇၄။ အောင်မြင်နေသော ပုဂ္ဂိုလ်နှင့်အတူတွဲ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပါလေ။ ဤတွင် ၎င်း၏အောင်မြင်မှု လျှို့ဝှက်ချက်ကို ၎င်းက ပြောပြကောင်း ပြောပြပါလိမ့်မည်။*

၄၇၅။ အောင်မြင်မှုရောက်လာမည်ကို သင်စောင့်နေမှာလား (သို့မဟုတ်) ပုန်းကွယ်နေသည့် အောင်မြင်မှုကို သင်ရှာမှာလား။

၄၇၆။ သင်မည်မျှလောက်အထိ သိရှိထားသည်ဆိုသော အချက်က အရေးမကြီးပါ။ သင် သိထားသော အချက်များနှင့် သင် မည်သည့်ကိစ္စကိုဆောင်ရွက်နိုင်သည် ဆိုသောအချက်ကသာ အရေးကြီးပါသည်။

၄၇၇။ မိမိအတွက် ကိစ္စတစ်ခုကို ကိုယ်တိုင်ကြိုးစားဆောင်ရွက်ခြင်းမပြုသူအတွက် အခြားဟစ်ယောက်ယောက်က ဆောင်ရွက်ပေးနိုင်သည့် ကိစ္စ များများစားစား မရှိလှပါ။

၄၇၈။ မိမိရှာဖွေ၍ ရရှိသမျှငွေကြေးထဲမှ တိကျသော ရာခိုင်နှုန်းကို စနစ်တကျ စုဆောင်းလေ့မရှိသူသည် မည်သည့်အခါတွင်မှ စီးပွားရေးလုံခြုံမှုကို ရနိုင်မည်မဟုတ်ချေ။

၄၇၉။ လုပ်ငန်းငယ်တစ်ခုကို ကောင်းမွန်စွာဆောင်ရွက်ပြီးစီးမှုသည် ပို၍ကြီးမားသော လုပ်ငန်းကြီးတစ်ခုအတွက် ပထမခြေလှမ်းပင် ဖြစ်သည်။

480. Don't become excited over temporary success, for it may be only a bait to determine how much you can manage.

481. You'll never be a success until you train your mind to be success-conscious.

482. A man never gets very far ahead until he becomes his own "fortune-teller."

483. The quality and the quantity of the service you render fixes your wages and determines what sort of experience you are getting.

484. The chances are that your job likes you precisely as much as you like it, but no more.

485. Loafing on your job hurts your employer, but it hurts you more.

486. Don't ask your employer why you are not promoted. Ask the person who really knows best—yourself.

၄၈၀။ ယာယီအောင်မြင်မှုအတွက် စိတ်လှုပ်ရှားမှုမဖြစ်ပါနှင့်။အဘယ့်ကြောင့်ဆိုသော် ထိုကိစ္စသည် မည်သည့်ပမာဏအထိ သင် စိမ်ခန့်ခွဲနိုင်သည်ကို ဆုံးဖြတ်ရန် စမ်းသပ်သော ငါးစာဖြစ်နိုင်သောကြောင့် ပင်တည်း။

၄၈၁။ တစ်ချိန်လုံးအောင်မြင်လိုသည့် စိတ်ဖြစ်ပေါ်နေအောင် သင်၏စိတ်ကို လေ့ကျင့်ထားနိုင်သည့်အချိန်သို့ ရောက်မှသာ သင်သည် အောင်မြင်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

၄၈၂။ လူတစ်ယောက်သည် မိမိ၏စွမ်းဆောင်မှုရလဒ်ကို မိမိကိုယ်တိုင် ကောင်းစွာချင့်တွက် ခန့်မှန်းနိုင်ခြင်းမရှိသရွေ့ ထူးထူးခြားခြား အောင်မြင်မှု ရရှိလိမ့်မည်မဟုတ်ချေ။

၄၈၃။ သင်ပေးသည့် ဝန်ဆောင်မှုအရည်အသွေးနှင့် အရေအတွက် (ပမာဏ)က သင်၏လုပ်ခကို သတ်မှတ်ပြီး သင်ရရှိသည့် အတွေ့အကြုံအမျိုးအစားကို ဆုံးဖြတ်ပေးသည်။

၄၈၄။ ဖြစ်နိုင်သော အချက်တစ်ချက်မှာ သင်က အလုပ်ကို နှစ်သက်သလောက် အလုပ်ကသင့်ကို ပြန်၍နှစ်သက်ပါလိမ့်မည်။ သို့ရာတွင် ထို့ထက်မပိုပါ။

၄၈၅။အလုပ်ခွင်၌ သင် လပ်လျားလပ်လျား လုပ်နေမှုက အလုပ်ရှင်ကို ထိခိုက်စေ၏။ သို့ရာတွင် ထိုကိစ္စက သင့်ကို ပို၍ထိခိုက်စေပါ၏။

၄၈၆။ သင့်ကို အဘယ်ကြောင့် ရာထူးတိုးမပေးပါသနည်းဟု သင့်အလုပ်ရှင်ကို မမေးပါနှင့်။ အမှန်တကယ် အကောင်းဆုံးသိထားသော ပုဂ္ဂိုလ် သင်ကိုယ်တိုင်ကို မေးကြည့်ပါ။ *

487. If you have more enemies than friends, the odds are a thousand to one you have earned them.

488. It isn't what you earn as much as what you save that counts in the long run.

489. The quality and quantity of the service you render is the only standard by which your pay can be fixed.

## SUCCESS-CONSCIOUSNESS

490. If you don't have the full approval of your conscience and your reason, you had better not do the thing you contemplate.

491. If your conscience isn't clear you'd better start housecleaning from within.

492. The conscience speaks, not in audible words, but through that small voice from within.

## TACTFULNESS

493. There can never be any harm in speaking about other people provided you speak of their good qualities.

၄၈၇။ အကယ်၍ သင့်ထံတွင် မိတ်ဆွေထက် ရန်သူကပိုများနေပါက ထိုရန်သူများကို သင်ရထိုက်၍ ရထားခြင်းဖြစ်သည်မှာ အလွန်သေချာနေပါသည်။

၄၈၈။ သင် ဝင်ငွေမည်မျှရရှိသည်ထက် သင်မည်မျှစုဆောင်းမိသည်ဆိုသောအချက်က အချိန်ကြာမြင့်လာသည့်အခါ ပို၍အရေးကြီး၏။ **

၄၈၉။ သင်ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုအရည်အသွေးနှင့် ဝန်ဆောင်မှု ပမာဏတို့က သင်၏လစာကို သတ်မှတ်နိုင်သည့် တစ်ခုတည်းသော "စံ" ဖြစ်သည်။

## အောင်မြင်ရေးအသိစိတ်

၄၉၀။ မိမိ၏အသိတရားနှင့် ဆင်ခြင်တုံတရားက အပြည့်အဝလက်ခံခြင်း မပြုသည့်အလုပ်ဆိုပါက မလုပ်သင့်ပါ။

၄၉၁။ ကိုယ့်လိပ်ပြာ ကိုယ်မသန့်လျှင် သန့်အောင်ဦးစွာလုပ်ပါ။

၄၉၂။ မိမိ၏အသိတရားက ဖွင့်ဟပြောကြားလေ့ရှိသော်လည်း အသံမကျယ်ပါ။ တစ်ကိုယ်ကြားမျှ တိုးတိုးကလေးပြော၏။

## လိမ္မာပါးနပ်မှု

၄၉၃။ သူများအကြောင်းပြောသည်မှာ ပြဿနာမရှိပါ။ သို့သော် ကောင်းကြောင်းပဲဖြစ်ပါစေ။ *

494. It is better to request a man to perform a service than it is to order him to perform it.

495. When the other fellow's facial expression looks pained, it's time to stop talking or change the conversation.

496. When you don't know anything good to say about a man, just button up your lip and you'll feel better.

497. You can get close to any man by the simple process of taking a keen sincere interest in what he is doing.

498. Merited praise will gain reciprocal interest from any man.

499. If you must talk about your good qualities, try not to cover too much territory.

## TEAMWORK

500. A good football team consists in harmonious coordination of effort more than in individual skill.

၄၉၄၊ လူတစ်ယောက်အား အလုပ်တစ်ခုကို အမိန့်ပေး၍ခိုင်းစေခြင်းထက် မေတ္တာရပ်ခံခိုင်းစေခြင်းက ပိုမိုကောင်းမွန်၏။

၄၉၅။ မလိုလားမနှစ်သက်မှုကြောင့် သူ့မျက်နှာပျက်လာပါက ပြောလက်စ စကားကို အဆုံးသတ်ရန် သို့မဟုတ် အကြောင်းအရာကို ပြောင်းလဲပစ်ရန် အချိန်တန်ပါပြီ။

၄၉၆။ လူတစ်ယောက်နှင့် ပတ်သက်၍ သင်ပြောနိုင်လောက်သည့် မည်သည့်ကောင်းကွက်ကိုမှ သိမထားပါက ရေငုံနှုတ်ပိတ်၍ နေလိုက်ခြင်းက သင့်အတွက် စိတ်ချမ်းသာမှု ရစေပါမည်။

၄၉၇။ သင်သည် မည်သူ့ကိုမဆို ၎င်းဆောင်ရွက်နေသော ကိစ္စအား စိတ်ရောကိုယ်ပါ စိတ်ပါဝင်စားမှုကို ပြသသောရိုးစင်းသည့် နည်းလမ်းဖြင့် ချဉ်းကပ်နိုင်ပါသည်။ *

၄၉၈။ ထိုက်သင့်သောချီးကျူးစကား ပြောဆိုခြင်းဖြင့် မည်သည့်ပုဂ္ဂိုလ်ထံမှမဆို အပြန်အလှန်စိတ်ဝင်စားမှုကို ရရှိလာပါမည်။

၄၉၉။ အကယ်၍ သင်က မိမိ၏ကောင်းကွက်များကို မဖြစ်မနေ ပြောဆိုရတော့မည်ဆိုပါက များများမပြောဆိုမိပါစေနှင့်။

# အဖွဲ့လိုက်ဆောင်ရွက်မှု

၅၀၀။ ကောင်းမွန်သော ဘောလုံးသင်းတစ်သင်းတွင် တစ်ဦးချင်း၏ ကျွမ်းကျင်မှုထက် သဟဇာတဖြစ်စွာ အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်မှုက ပိုမိုအရေးကြီးပါသည်။

## TEMPER

501. Temperament is a state of mind consisting of nine parts "temper" and one part "mental" energy.

502. Hot heads don't produce cool thoughts.

503. When you become so angry you don't know what to do, it will be safer to do nothing.

## THOUGHT CONTROL

504. If a man gave spoken expression to every thought that came into his mind, he would have no friends.

505. Thoughts are contagious. Therefore be careful of the sort you release.

## TIME

506. Tell me how you use your "spare" time, and I will tell you what and where you will be ten years hence.

## ဒေါသ

၅၀၁။ စိတ်ဆတ်မှုသည် ဒေါသစိတ်ကိုးခုနှင့် စိတ်ဓွမ်းအား တစ်ခုတို့ကိုပေါင်းစပ်ထားသော စိတ်၏အနေအထားဖြစ်သည်။

၅၀၂။ ခေါင်းပူနေပါက အေးဆေးတည်ငြိမ်သော စိတ်ကူးမထွက်။

၅၀၃။ အလွန်ဒေါသထွက်လာပြီး သင်မည်ကဲ့သို့ဆောင်ရွက်ရမည်ကို မသိသောအခါ မည်သည့်ကိစ္စကိုမှ မဆောင်ရွက်ဘဲ နေလိုက်ခြင်းက ပိုမို၍ အန္တရာယ်ကင်းပါသည်။

## အတွေးကို ထိန်းချုပ်မှု

၅၀၄။ အကယ်၍ လူတစ်ယောက်သည် စိတ်ထဲ၌ပေါ်လာသော အတွေးမှန်သမျှကို ဖွင့်ဟ၍ပြောဆိုနေမည်ဆိုပါက ၎င်းတွင် မိတ်ဆွေများရှိတော့မည် မဟုတ်ချေ။

၅၀၅။ အတွေးများသည် (ရောဂါကဲ့သို့)ကူးစက်တတ်သည်။ ထို့ကြောင့် သင်ထုတ်လွှင့်လိုက်သော အမျိုးအစားကို သတိထားပါလေ။

## အချိန်

၅၀၆။ သင်၏အချိန်ပိုများကို မည်ကဲ့သို့ အသုံးပြုနေကြောင်း ကျွန်ုပ်ကို ပြောပြပါ။ ကျွန်ုပ်ကလည်း နောင်လာမည့် ဆယ်နှစ်အကြာတွင် သင်သည် မည်သည့်နေရာ၌ မည်သူမည်ဝါဖြစ်နေမည်ကို ပြောပြပါမည်။

507. Time is a wonderful healer. It tends to equalize good and evil and to right the wrongs of the world.

508. You might discover how to save enough time and materials in your department to insure you an increase in pay and add a better job. Why don't you try?

509. You will find time for all your needs if you have time properly organized.

510. The man who wastes his own time may be no less a thief than the man who steals other people's property.

511. There has always been a shortage of men who get the job done on time without excuses or grumbling.

512. The time some men devote to giving others bad repute toils might be better spent in doctoring their own.

513. The length of time a man sticks to a job is a pretty accurate measure of his dependability.

၅၀၇။ အချိန်သည် အံ့သြဖွယ်ကောင်းသော သမားတော်ဖြစ်သည်။ ၎င်းက အကောင်းနှင့်အဆိုးတို့ကို ညီမျှစေရန်သာမက ကမ္ဘာကြီး၏ မှားယွင်းမှုများကိုလည်း မှန်ကန်အောင် ဆောင်ရွက်လေ့ရှိသည်။

၅၀၈။ သင်တို့ဌာနတွင် အချိန်နှင့်ပစ္စည်းချွေတာနိုင်မည့် နည်းလမ်းကိုဖော်ထုတ်ခြင်းဖြင့် လစာတိုးပြီး အလုပ်ကောင်းရနိုင်ပါသည်။ ကြိုးစားကြည့်ပါလား။

၅၀၉။ အကယ်၍ သင်က အချိန်ကို စနစ်တကျ စီမံခန့်ခွဲတတ်မည်ဆိုပါက သင့်လိုအပ်ချက် မှန်သမျှကို (ဆောင်ရွက်ရန်) အချိန်ရရှိလာပါလိမ့်မည်။

၅၁၀။ မိမိ၏ ကိုယ်ပိုင်အချိန်ကို ဖြုန်းတီးနေသူသည် သူတစ်ပါး၏ ဥစ္စာပစ္စည်းကိုခိုးနေသော သူခိုးတစ်ယောက်နှင့် မခြားနားလှချေ။

၅၁၁။ ဆင်ခြေမပေး၊ ညည်းညူခြင်းမရှိဘဲ အလုပ်ကိုအချိန်မီ ပြီးပြတ်အောင်လုပ်နိုင်သူ အမြဲရှား၏။

၅၁၂။ ပုဂ္ဂိုလ်အချို့က သူတစ်ပါး၏မကောင်းသော ဂုဏ်သတင်းများထွက်ပေါ်လာစေရေးအတွက် မြုပ်နှံထားသောအချိန်များအား မိမိကိုယ်ကိုပြုပြင်ရာတွင် သုံးစွဲမည်ဆိုပါက ပိုမို၍ကောင်းမွန်ပါမည်။

၅၁၃။ အလုပ်တစ်ခုတွင် လူတစ်ယောက် ဖင်မြဲမြဲဖြင့် ဆောင်ရွက်လုပ်ကိုင်လေ့ရှိသော အချိန်ပမာဏသည် ထိုပုဂ္ဂိုလ်အား ထိုအလုပ်နှင့် စပ်လျဉ်း၍ အားကိုးအားထားပြုနိုင်မှုကို တိကျစွာဖော်ပြလေ့ရှိသည်။

514. The man who fights with his wife at meal time usually fights with his associate workers the rest of the time.

515. The best time to sell a man anything is right after dinner. (Women, please copy.)

516. Hurry, brother, hurry! The sand in your hourglass is running lower every second, and the glass can't be refilled.

517. Just what are you waiting for, and why are you waiting?

518. Don't waste time on the man who forms his opinion before he examines the evidence.

519. Time is too precious to be wasted in foolish arguments or discontent.

520. Time is one thing that is rationed to everyone and it has no black markets at any price.

521. Indecision and lack of a major purpose are the greatest of all thieves of time.

၅၁၄။ ထမင်းစားစဉ် ဇနီးသည်နှင့် စကားများတတ်သူသည် ကျန်အချိန်များ၌ လုပ်ဖော်ကိုင်ဖက်များနှင့် ရန်များနေတတ်သည်။

၅၁၅။ တစ်စုံတစ်ဦးအား ပစ္စည်းရောင်းချလိုပါက သူ စားသောက်ပြီးချိန်သည် အကောင်းဆုံးဖြစ်သည်။ (အမျိုးသမီးများအတုယူသင့်၏။)

၅၁၆။ လုပ်နော်မိတ်ဆွေ။ သဲနာရီကိုကြည့်၊ သဲတွေလျော့ကျ လာနေတယ်။ ပြန်ဖြည့်လို့လဲမရဘူး။

၅၁၇။ ဘာကိုစောင့်လို့ ဘာကြောင့်များ စောင့်ဆိုင်းနေရတာပါလဲ။

၅၁၈။ သက်သေအထောက်အထားများကို မစစ်ဆေးမီ ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုတတ်သူတစ်ဦးနှင့် ပတ်သက်၍အချိန်ကုန် မခံပါနှင့်။

၅၁၉။ အချိန်သည် အဖိုးတန်လွန်းသဖြင့် မိုက်မဲသောငြင်းခုံမှုများ သို့တည်းမဟုတ် မကျေနပ်မှုများအတွက် ဖြုန်းတီးပစ်ရန် မသင့်လျော်ပါ။

၅၂၀။ အချိန်သည် လူတိုင်းဝေပုံကျ ရထားသည့်အရာဖြစ်၏။ ၎င်းကို ကြေးကြီးပေး၍ ဝယ်ယူရရှိနိုင်သည့် မှောင်ခိုဈေးများလည်း မရှိပါ။

၅၂၁။ ဆုံးဖြတ်နိုင်စွမ်းမရှိမှုနှင့် အရေးပါသောရည်ရွယ်ချက်မရှိမှုတို့သည် အချိန်ကို ခိုးယူနေသော အကြီးစားသူခိုးဖြစ်သည်။

522. If your time is of no value to you, perhaps you can make it of value to others.

523. No man is paid for his time, but he may be paid for the use he makes of it. Only used time is of value.

524. The use of one's time determines the space one occupies in the world.

525. Every time you think in terms of benefit to your employer, you come one step nearer an equal benefit for yourself.

526. If you cannot forgive, don't ask to be forgiven, for you'll be wasting your time.

527. Time will cure worries which respond to no other treatment.

528. Live each day as if it were your last and you'll develop a keen respect for time.

၅၂၂။ အကယ်၍ သင့်အချိန်သည် သင့်အတွက် တန်ဖိုးမရှိပါက အခြားပုဂ္ဂိုလ်များအတွက် သင့်အချိန်ကို တန်ဖိုးရှိအောင် လုပ်ကောင်း လုပ်နိုင်ပါလိမ့်မည်။

၅၂၃။ မည်သူမျှ မိမိ၏အချိန်အတွက် အခကြေးငွေမရရှိပါ။ သို့ရာတွင် ၎င်းက မိမိ၏အချိန်ကို အသုံးပြုမှုအတွက် အခကြေးငွေ ရနိုင်၏။ အသုံးပြုလိုက်သည့် အချိန်သည်သာ တန်ဖိုးရှိ၏။ **

၅၂၄။ လူတစ်ယောက် မိမိ၏အချိန်ကို အသုံးပြုမှုက ဤကမ္ဘာမြေ ပေါ်၌ ၎င်းရယူထားသည့် နေရာအကျယ်အဝန်းကို အဆုံးအဖြတ် ပေး၏။

၅၂၅။ သင့်အလုပ်ရှင်အကျိုးအတွက် ထည့်ပြီးစဉ်းစားတိုင်း ကိုယ့် အကျိုးစီးပွားအတွက်ပါ အလားတူစဉ်းစားတာနဲ့ အတူတူပဲ။

၅၂၆။ အကယ်၍ သင် ခွင့်မလွှတ်နိုင်သည့် ကိစ္စဆိုပါက သင့်ကို ခွင့်လွှတ်ဖို့ မတောင်းပန်ပါနှင့်။ အဘယ့်ကြောင့်ဆိုသော် အချိန်ကို ဖြုန်းတီးခြင်းသာဖြစ်လိမ့်မည်။

၅၂၇။ အခြားကုသနည်းများဖြင့် ကုမရသော ေသာကများကို အချိန်က ကုသပေးပါလိမ့်မည်။

၅၂၈။ နေ့စဉ်နေ့တိုင်းကို သင်၏နောက်ဆုံးနေ့ရက်အဖြစ် သဘောထား နေထိုင်သွားမည်ဆိုပါက သင်သည်အချိန်ကို အလွန်အမင်း လေးစား လာပါလိမ့်မည်။

529. When defeat overtakes you, don't put all your time on counting your losses. Save some of it to look for your gains, and you may find your gains are greater than your losses.

530. Some mistakes can be corrected, but not the mistake of wasted time. When time goes, it has gone forever.

531. The most beneficial use of time is that which one devotes to silent meditation when searching for guidance from within.

532. Time spent in silent thought may yield fabulous riches through the creation of sound ideas.

533. When there is no work for your hand to perform, let your mind be employed so not a second of time will be wasted.

534. It isn't sufficient just to arrive. You should be on time.

535. Most misfortunes are the results of misused time.

၅၂၉။ ရှုံးနိမ့်မှုနှင့်ကြုံသည့်အခါ ဆုံးရှုံးမှုများအတွက် အချိန်ကုန်မခံပါနှင့်။ သင်ရလိုက်သော အမြတ်အစွန်းများကို စဉ်းစားဖို့လည်း အချိန်အချို့ကို ချန်ထားလိုက်ပါ။ သင်ရလိုက်သော အမြတ်အစွန်းများက အရှုံးထက်ပိုများနေသည်ကို တွေ့ရပါလိမ့်မည်။

၅၃၀။ အချို့သောအမှားအယွင်းများကို ပြုပြင်၍ရနိုင်၏။ သို့ရာတွင် အချိန်ကို ဖြုန်းတီးပစ်သည့် "အမှား" မပါဝင်ချေ။ အချိန်ကုန်ဆုံးသွားပါက ထာဝရ ကုန်သွားခြင်းပင်ဖြစ်တော့၏။ **

၅၃၁။ အချိန်ကို အကျိုးအရှိဆုံး အသုံးချမှုမှာ မိမိအဖွဲ့တွင်မှ လမ်းပြမှုကို ရှာဖွေရန် တိတ်ဆိတ်စွာ တရားထိုင်သည့် အချိန်ပင်ဖြစ်သည်။

၅၃၂။ တိတ်ဆိတ်စွာစဉ်းစားရင်း ကုန်ဆုံးသွားသည့် အချိန်သည် ကြောင်းကျိုးခိုင်လုံသော စိတ်ကူးများကို ဖန်တီးနိုင်ပြီး အံ့ဖွယ်ရာကြွယ်ဝမှုကို ပေးနိုင်၏။

၅၃၃။ သင်၏ အလုပ်များကို ရပ်ခန့်နှင့်ဆောင်ရွက်ဖို့ မလိုအပ်ချိန်တွင် တစ်စက္ကန့်ကိုပင် ဖြုန်းတီးရာ မရောက်အောင် သင်၏စိတ်ကို အလုပ်ပေးထားပါ။

၅၃၄။ သင်လိုရာရောက်ပြီဆိုယုံမျှဖြင့် မလုံလောက်ပါ။ အချိန်ကိုက်ရောက်ဖို့ လိုအပ်ပါသည်။ **

၅၃၅။ ကံမကောင်းမှု အများစုသည် အချိန်ကိုအလွဲသုံးမှုများ၏ ရလဒ်ပင်ဖြစ်သည်။

536. The lowest type of time-waster is known as a "bum," and sometimes he is found temporarily in respectable company.

537. Time, the great universal doctor, can cure all human ills and most of them very quickly.

538. Remember there is always an ending for everything except time and space.

## TONE OF VOICE

539. Remember the tone of your voice often conveys more accurately what is in your mind than do your words.

## WILLPOWER

540. The most interesting thing about a postage stamp is the persistence with which it sticks to its job.

541. Anyone can quit when the going is hard, but a thoroughbred never quits until he wins.

၅၃၆။ အချိန်ဖြုန်းတီးသူများအနက် အဆင့်အနိမ့်ဆုံးကို "လူပျင်း လူဖျင်း"ဟု ခေါ်ဝေါ်ကြသည်။ တစ်ခါတစ်ရံ ထိုပုဂ္ဂိုလ်မျိုးကို ယာယီအားဖြင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့်တွဲ၍ တွေ့ရတတ်သည်။

၅၃၇။ အချိန်သည် လူတို့၏ဝေဒနာအားလုံးကို ကုစားနိုင်သော မဟာသမားတော်ကြီးဖြစ်ပြီး အများစုကို လျင်မြန်စွာကုစားပေးနိုင်သည်။

၅၃၈။ အရာရာအတွက် အဆုံးသတ်ရှိသော်လည်း အချိန်နှင့် အာကာသတွင် အဆုံးမရှိသည်ကို သတိရပါ။

# အသံနေအသံထား

၅၃၉။ သင်၏ အသံနေအသံထားက သင့်စိတ်ထဲ၌ မည်သို့မည်ပုံ ရှိနေသည်ဆိုသောအချက်ကို သင်၏ စကားလုံးများထက် ပို၍တိကျစွာ သိရှိစေနိုင်သည်ဆိုသော အချက်ကို သတိရပါလေ။

# စိတ်ဓာတ်ခွန်အား

၅၄၀။ တံဆိပ်ခေါင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်အကောင်းဆုံး အချက်မှာ မိမိ၏တာဝန်ကို မပြစ်မနေကျေပွန်အောင် ဆောင်ရွက်ခြင်းဖြစ်၏။

၅၄၁။ မည်သူမဆို အခက်အခဲများနှင့် ကြုံတွေ့လာချိန်တွင် လက်လျှော့သွားနိုင်၏။ သို့ရာတွင် မျိုးရိုးစစ်သော မျိုးသန့်မြင်းတစ်ကောင်ကမူ မနိုင်မချင်း အလျှော့ပေးလေ့မရှိချေ။

542. Victory is always possible for the person who refuses to stop fighting.

543. Nature yields her most profound secrets to the man who is determined to uncover them.

## WISHING

544. If I had one wish and it could be granted for the asking, I would ask for more wisdom.

## TRAITS OF CHARACTER

545. Dependability is the first foundation stone of good character.

546. You can tell by the company a man chooses what sort of character he has.

547. Every thought a man releases becomes a permanent part of his character.

548. Some men resemble a cheap watch. They are not dependable.

၅၄၂။ ယှဉ်ပြိုင်ထိုးသတ်နေမှုကို မရပ်လိုသူတစ်ဦးအတွက် အောင်မြင်မှုသည် အမြဲပင်ဖြစ်နိုင်ချေ ရှိနေသည်။

၅၄၃။ သဘာဝတရားသည် ၎င်း၏ နက်နဲသိမ်မွေ့ဆုံးသော လျှို့ဝှက်ချက်များကို မဖြစ်မနေဖော်ထုတ်ရန် သန္နိဋ္ဌာန်ချထားသူသို့ ပေးစမြဲ ဖြစ်၏။

## ဖြစ်စေလိုသောဆန္ဒ

၅၄၄။ အကယ်၍ ကျွန်ုပ်ထံတွင် ဆန္ဒတစ်ခုသာရှိပြီး ထိုဆန္ဒပြည့်နိုင်မည်ဆိုပါက ကျွန်ုပ်က ပိုမို၍ဉာဏ်အမြော်အမြင်ရှိမှုကို တောင်းခံပါမည်။

## အကျင့်စာရိတ္တ၏ ဉာဉ်အမျိုးမျိုး

၅၄၅။ ယုံကြည်အားထားရမှုသည် ကောင်းမွန်သော အကျင့်စာရိတ္တ၏ ပထမအုတ်မြစ်ပင် ဖြစ်သည်။

၅၄၆။ လူတစ်ယောက်ရွေးချယ်ထားသော အပေါင်းအသင်းများကို ကြည့်ခြင်းဖြင့် ၎င်း၏အကျင့်စာရိတ္တကို သင် သိနိုင်ပါသည်။

၅၄၇။ လူတစ်ယောက်က ထုတ်ဖော်(ပြောဆိုပြသ)လိုက်သော အတွေးများသည် ၎င်း၏အကျင့်စာရိတ္တတွင် အမြဲတမ်းတည်ရှိနေသော အစိတ်အပိုင်းတစ်ခု ဖြစ်လာလေ့ရှိသည်။

၅၄၈။ အချို့သောပုဂ္ဂိုလ်များသည် တန်ဖိုးနည်းအပေါစား လက်ပတ်နာရီနှင့်တူ၏။ ၎င်းတို့ကို အားကိုးအားထားပြု၍ မရချေ။ *

549. Pick out some person whom you admire and imitate him or her as closely as you can. This is hero worship, but it improves character.

550. Profanity is a sign of inadequate vocabulary or unsound judgment, or both.

551. Money is either a good or bad influence, according to the character of the man who possesses it.

552. No man is so good that he has no bad in him, and no man is so bad that he has no good in him.

553. The man who is honest only for a "price" should be rated as dishonest.

554. The man with sound character generally does no worrying over his reputation.

555. A man is either honest or dishonest. There can be no compromise between the two.

၅၄၉။ သင်ကြည်ညိုလေးစားသူ တစ်ယောက်ကို ရွေးထုတ်ပြီး အဆိုပါ အမျိုးသား သို့မဟုတ် အမျိုးသမီးနှင့် အနီးစပ်ဆုံးတူညီအောင် အတုခိုးပါ။ ဤကိစ္စသည် သူရဲကောင်းကိုးကွယ်မှု ဖြစ်သော်လည်း အကျင့်စာရိတ္တကို ပို၍ကောင်းမွန်လာစေ၏။

၅၅၀။ အယုတ္တအနတ္တ စကားလုံးများကို ပြောဆိုနေမှုသည် ဝေါဟာရ မကြွယ်ဝမှု၏သင်္ကေတ သို့မဟုတ် ဆင်ခြင်တုံတရားနည်းပါးမှု၏ သင်္ကေတ သို့မဟုတ် နှစ်မျိုးစလုံးဖြစ်နိုင်၏။

၅၅၁။ ငွေကြေးသည် ပိုင်ဆိုင်ထားသူ၏ အကျင့်စာရိတ္တအပေါ်တွင် မူတည်၍ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးကို ဖြစ်ပေါ်လာစေနိုင်သည်။

၅၅၂။ မည်သူမှ "ကောင်းမွန်"လှသောကြောင့် ၎င်းထံ၌ အဆိုးဟူ၍ တစ်ကွက်မျှမရှိသူဟူ၍လည်းကောင်း၊ မည်သူမှ ဆိုးရွားလွန်းလှသော ကြောင့် ၎င်းထံ၌ ကောင်းကွက်တစ်ကွက်မျှ မရှိသူဟူ၍လည်းကောင်း မဖြစ်နိုင်ပါ။

၅၅၃။ အဖိုးသားနားတစ်ခုအတွက် ရိုးသားသူသည် မရိုးသားသူပင် ဖြစ်၏။

၅၅၄။ ခိုင်မာသော အကျင့်စာရိတ္တရှိသူ တစ်ယောက်သည် အများ အားဖြင့် ၎င်း၏ဂုဏ်သတင်းအတွက် စိုးရိမ်သောကဖြစ်လေ့ မရှိချေ။

၅၅၅။ လူတစ်ယောက်သည် ရိုးသားသူ သို့မဟုတ် မရိုးသားသူ ဟူ၍သာဖြစ်နိုင်ပေသည်။ ထိုနှစ်မျိုးအကြားတွင် ညှိနှိုင်းပေါင်းစပ်၍ မရနိုင်ပါ။

# WORRY

556. Bankers often lend money on character, but seldom on reputation alone, for they have learned that not all reputations are deserved.

557. Politeness usually begins at home or it doesn't begin at all.

558. Never stop to think about your worries, for they will catch up with you quickly enough unless you outrun them.

559. Worry and success simply can't live together in the same house.

560. When enthusiasm comes in at the front door, worry runs out at the back door.

561. Today's worries may become tomorrow's priceless experiences.

562. Worry will kill one quicker than work.

# သောက

၅၅၆။ ဘဏ်လုပ်ငန်းရှင်များသည် လူ၏အကျင့်စာရိတ္တကို ကြည့်၍ ငွေချေးလေ့ရှိကြပြီး ကျော်ဇောမှုကို မကြည့်တတ်ကြပေ။ ကျော်ဇောမှုတိုင်းကို ယုံ၍မရသောကြောင့်ဖြစ်၏။

၅၅၇။ ယဉ်ကျေးသိမ်မွေ့မှုသည် မိသားစုအတွင်းမှ စတင်လေ့ရှိသည်။ ယင်းသို့မဟုတ်ပါက ယဉ်ကျေးသိမ်မွေ့ရန် ခဲယဉ်းသည်။

၅၅၈။ သင်၏သောကအကြောင်း တွေးတောရန် မည်သည့်အခါတွင်မှ မရပ်တန့်လိုက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် သင်က ၎င်းတို့ထက် မြန်အောင်မပြေးနိုင်ပါက ၎င်းတို့က သင်နှင့်ထက်ကြပ်မကွာ လျင်မြန်စွာ အမီလိုက်လာကြလိမ့်မည်။

၅၅၉။ သောကနှင့် အောင်မြင်မှုတို့သည် နေအိမ်တစ်ခုထဲ၌ အတူတူနေထိုင်၍မရပါ။

၅၆၀။ အိမ်ရှေ့တံခါးပေါက်မှ စိတ်အားထက်သန်မှု ဝင်လာသည့်အခါ သောကသည် နောက်ဘက်တံခါးပေါက်မှ ထွက်ပြေးသွားလေ့ရှိသည်။

၅၆၁။ ပစ္စုပ္ပန်၏ သောကများသည် အနာဂတ်၏ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံများ ဖြစ်လာကြလိမ့်မည်။

၅၆၂။ သောကဖြစ်မှုက လူတစ်ယောက်ကို အလုပ်(ပင်ပန်းမှု)ထက်ပို၍ လျင်မြန်စွာ ဒုက္ခပေးနိုင်၏။

563. Never listen to a doubting Thomas unless you are willing to become one, for doubt is contagious.

564. Take possession of your own mind and worry will have to look for another boarding place.

565. Old Man Worry's relatives are: fear, ill health, ill temper, indifference, procrastination, jealousy, envy, hatred, selfishness, bad judgment, poverty, premature old age, and discouragement. What a flock of bums!

566. You don't have to open the door every time worry knocks.

567. Most worries are not half as serious as their owners think they are.

568. If you have time to worry, you haven't enough time to succeed in your job.

569. Worries generally go where they are most welcome.

570. Only the weak crave sympathy!

၅၆၃။ မယုံလိုသူတို့စကားကို နားမထောင်ပါနှင့်။ နားထောင်ပါက သူတို့လိုပဲ ဖြစ်သွားမည်။ မယုံမှု၊ သက်မကင်းဖြစ်မှုတို့သည် ကူးစက်တတ်သည်။

၅၆၄။ သင်၏စိတ်ကို ပိုင်နိုင်စွာထိန်းချုပ် ထားလိုက်မည်ဆိုပါက သောကသည် ၎င်းအတွက်နေစရာနေရာကို အခြားတစ်နေရာ၌ ရှာရပေလိမ့်မည်။

၅၆၅။ သောကဆိုသော အဘိုးကြီး၏ဆွေမျိုးများမှာ ကြောက်လန့်မှု၊ နာမကျန်းဖြစ်မှု၊ စိတ်တိုမှု၊ ဥပေက္ခာပြုမှု၊ အချိန်ဆွဲမှု၊ အဘိဓ္ဓာပွားမှု၊ မနာလိုမှု၊ မုန်းတီးမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ အဆုံးအဖြတ်မှားယွင်းမှု၊ ဆင်းရဲမွဲတေမှု၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်လာမှု၊ စိတ်ဓာတ်ကျဆင်းမှုတို့ဖြစ်ကြ၏။ အလွန်များပြားလှသည့် ကလေကချေ အုပ်စုပါတကား။

၅၆၆။ သောက,ကလာ၍ တံခါးခေါက်တိုင်း တံခါးဖွင့်ပေးဖို့ မလိုပါ။

၅၆၇။သောကအများစုသည် ၎င်းတို့ကို လက်ခံထားသူများအထင်ရှိနေသည်၏ ငါးဆယ်ရာခိုင်နှုန်းခန့်ပင် မစိုးရိမ်ရချေ။

၅၆၈။ အကယ်၍ သင့်ထံတွင် သောကဖြစ်ရန် အချိန်ရှိနေသည်ဆိုပါက သင့်လုပ်ငန်း၌ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လုံလောက်သော အချိန်ရှိတော့မည် မဟုတ်ချေ။

၅၆၉။ သောကသည် အများအားဖြင့် ၎င်းတို့ကို လိုလိုလားလားဖြင့် ကြိုဆိုမှုအရှိဆုံး နေရာများသို့ သွားလေ့ရှိကြ၏။

၅၇၀။ အားနည်းချည့်နဲ့သူသာ သနားကြင်နာမှုကို လိုလားသည်။

# နိဂုံး

ဤစာအုပ်ကို ပြီးဆုံးအောင် ဖတ်ရှုပေးသည့် စာဖတ်သူကို အထူး ကျေးဇူးတင်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုပြီး တစ်နည်းနည်းဖြင့် အကျိုးကျေးဇူး ရှိကြသည် ဆိုပါက ဘာသာပြန်ရကျိုးနပ်သည်ဟု ယူဆပါသည်။ စာဖတ်သူ အားလုံးကို ကျေးဇူးတင်ပါသည်။

မောင်မြင့်ကြွယ်
မောင်မောင်အေး (MMA)
**Edited by MMA**
၁၂-၈-၂၀၀၉